မြန်မာ့အလင်း

၁၂၅၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မိုရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(၈မ္မပဒ-၃၄)

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၃၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီနုံ့ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရား ဥပဒေဈီးပိုးရေး အပြည်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်း ရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက် များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်ရည်းကမ်းပြည့်ဝသည့် ပါတီနုံ့ဒီမိုကရေစီစနစ် နိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နှစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီနုံ့ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်။

ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးထားသော ဆောင်းနေကြာသီးနှံ ၈က ၁၀၀၀၀ ကျော် အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည် ဖေဖော်ဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသအတွင်း စားသုံးဆီဖုလုံပိုလျှံရေးအတွက် မိုးရာသီနှင့် ဆောင်းရာသီများတွင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းနေကြာသီးနှံများ ၁၀၂၆၆ ၈က လျာထားစိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ ◆

သာယာဝတီမြို့နယ်၌ လေပြင်းဘေးဒဏ်ခံနိုင်ရည်ရှိသော အိမ်ခြေ ၁၀၀၀ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

သာယာဝတီ ဖေဖော်ဝါရီ ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းဘေးဒဏ်ခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အိမ်ခြေ ၁၀၀၀ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက စံရွေးကျေးရွာအုပ်စု စံရွေးကျေးရွာ၌ ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ မာ တိ ကာ

စိတ်ရင်းညီမှု ပြည်ထောင်စုကို ပြည်သူ့အိမ်အဖြစ် တည်ဆောက်ခဲ့ ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး စာ ၁၀

မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း ထုတ်ပြန်ကြေညာချက် စာ ၁၁

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရှုပ်/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် စတင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပ ပြည်တွင်းသတင်း စာ ၁၃

ပုဂံခေတ်ရေကန်များ လှူဒါန်းနိုင်ပြီ

ပုဂံဟုဆိုသည်နှင့် ဈာဝတီဖြစ်၏ အရှေ့ဘက်ကမ်းပေါ်ရှိ ပတ်လည်မိုင် ၂၀ ခန့် အကျယ်အဝန်းရှိသော လွင်ပြင်ပေါ်တွင် ပြန့်ကျဲတည်ရှိနေသည့် စေတီပုထိုးဂူကျောင်းများနှင့် ရှေးဟောင်း အဆောက်အအုံများကိုသာ မိမိတို့ တွေ့မြင်မိကြသည်ချည်းဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထားပြီးဖြစ်သည့် ပုဂံတွင် စေတီပုထိုးများသာမက ရှေးဟောင်းရေကန်၊ ရေတွင်း၊ အင်းအိုင်၊ တူးဖြောင်းများ၊ ရေလမ်းကြောင်းများနှင့် ပုဂံခေတ် ရေအသုံးချမှုစနစ်များသည်လည်း အမွေအနှစ်များအဖြစ် တည်ရှိနေကြသည်။ ပုဂံ၏ ရှေးခေတ်ရေအင်းအဖြစ်များ၊ ရေစီမံခန့်ခွဲမှုဆိုင်ရာ အထောက်အထားများနှင့် ရှေးခေတ်အမွေအနှစ်များ သည်လည်း ပုဂံဒေသ၏ စေတီပုထိုးဂူကျောင်းများနည်းတူပင် အားလုံးက အလေးအနက်ထား ထိန်းသိမ်းစောင့်ရှောက်မှုပြုရန် လိုအပ်ပျက်ရှိသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် ၂၀၂၁ ခုနှစ်က မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ရာ ရှေးဟောင်းအဆောက်အအုံများ၏ တံတိုင်းများအတွင်းရေဝပ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံပေါင်း ၆၀ ကျော် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်း၊ လမ်းများပေါ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းတို့ ကြုံတွေ့ခဲ့ရသည်။ စင်စစ်ပုဂံရှိ ရှေးဟောင်းသာသနာ့ကာအဆောက်အအုံများတွင် ရေထွက်ပေါက်များနှင့် ရေထုတ်စနစ်များရှိပြီးဖြစ်သကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းပါကလည်း စီးဆင်းစရာ ရေလမ်းကြောင်းများ ရေကဝင်ရှိပြီးဖြစ်သည်။ သို့ရာတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ခေတ်ပေါ်အဆောက်အအုံများ ဆောက်လုပ်လာခြင်း၊ ဝင်းခြံတံတိုင်းများခတ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း စသည်ဖြင့် မဆင်မခြင်ဆောင်ရွက်မှုများကြောင့် ရေးခေတ်ရေစီးရေလာများ၊ ရေလမ်းကြောင်းများ ပျက်စီးပျောက်ဆုံးကာ ဘုရားပုထိုး ဂူကျောင်းများအတွင်း ရေများဝင်ရောက်ခြင်း၊ ရေကြီးရေလွှဲခြင်းတို့ ဖြစ်ပေါ်ခဲ့ရသည်။

ပုဂံခေတ်ရေအင်းအမြစ်စီမံခန့်ခွဲမှုစနစ်တွင် ရေကန်များ သည်လည်း လွန်စွာအရေးပါပြီး အချို့မှာ ယနေ့တိုင် ဒေသခံ ပြည်သူများ အသုံးပြုနေဆဲဖြစ်ပြီး အချို့ပြန်လည် ဆယ်ယူထိန်းသိမ်းရန် လိုအပ်ပျက်ရှိခြင်းကြောင့် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပုဂံခေတ် ရေအသုံးချမှုတွင် အဓိကအရင်းအမြစ်သည် တုရင်တောင်ခြေတွင် တည်ရှိပြီး ပုဂံမြို့အထက် ၀၆ ၅၅ဝ အမြင့်တွင်ရှိနေသည့် မြကန်ဖြစ်သည်။ တုရင်တောင်မှ ကျလာသည့်ရေနှင့် အနီးဝန်းကျင်ချောင်းများမှ စီးလာသည့် ရေများကို မြကန်တွင် သိုလှောင်ပြီး ရေစစ်ကန်များဖြစ်သည့် အလံပုဂံကန်၊ အလယ်ကန်၊ ဝင်းနန်သူလေးထောင့်ကန်၊ ညောင်လက်ဖက်ကန်၊ ရွှေထီးကန်တို့မှတစ်ဆင့် ပုဂံကျွန်းထဲသို့ ရေသွင်းခဲ့ခြင်းဖြစ်ကြောင်း သုတေသနပြု တွေ့ရှိခဲ့သည်ဟု သိရသည်။ ပုဂံတွင် ရှေးဟောင်းရေကန်ပေါင်း ၁၀၆ ကန်ရှိသည့်အနက် ၉၁ ကန်ကို ဦးစားပေးအလိုက် ဆယ်ယူထိန်းသိမ်းသွားမည်ဟု သိရသည်။ ပထမအဆင့်တွင် ရှေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများ တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်၏။ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ လက်ခံသွားမည်ဖြစ်ကြောင်းနှင့် ပေးဖို့ ဆက်သွယ်လှူဒါန်းနိုင်သည့် ဌာနများ၊ ဖုန်းနံပါတ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်အသိပေးနိုးဆော်ထားသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးခေတ်ရေအရင်းအမြစ်များ နှင့် စပ်လျဉ်း၍ အထောက်အထားများ ရှာဖွေဖော်ထုတ်ခြင်း၊ သုတေသနပြုခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာပညာရှင်များ ပူးပေါင်း၍ နှစ်စဉ် တူးဖော်သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်ပျက်ရှိသည်ဟု သိရသည်။ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများအရ ပုဂံဒေသအခွန်ရှည်တည်တံ့ရေးတွင် ရေးခေတ်ရေအရင်း အမြစ်စီမံခန့်ခွဲမှုစနစ်များ စနစ်တကျထိန်းသိမ်းရေးနှင့် ရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူထိန်းသိမ်းရေးတို့သည် အထူးပင်အရေးပါသည့်အလျောက် ရဟန်းရှင်လူပြည်သူ အပေါင်း သဒ္ဓါကြည်ဖြူပါဝင်လှူဒါန်းကြခြင်းဖြင့် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးထူး အကျိုးမြတ်တို့ ရရှိနိုင်ကြပါစေကြောင်း။ ။

သတိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလယ်တင် အခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (၀တ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၁၀-၂-၂၀၂၄ ရက်နေ့နှင့် အခမ်းအနား ကျင်းပပြုလုပ်မည့် ၁၂-၂-၂၀၂၄ ရက်နေ့တို့တွင် နေပြည်တော်၊ ဧမျှသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညီ လမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သင်ပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ခေတ္တလမ်းပိတ်/လမ်းလွဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဧမျှသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညီလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင် မီးပွိုင့်ဘက်သို့လည်း ကောင်း၊ သင်ပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်း အတိုင်း ဈာဝတီလမ်းဘက်သို့လည်း ကောင်း လမ်းလွဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝပွံ့ပြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ပိုင်းဝန်းဆောင်ရွက်ရေး။

ပြည်ထောင်စုဗွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့

သမိုင်း သက်သေ

❖ အားကြီးခဲ့သည် ၊ ပွားစီးခဲ့သည်
မြန်မာပြည်တည့်
ပြည်သူချင်းချင်း၊ ချစ်ကြည်ခြင်းဖြင့်
မင်း နှင့် ပြည်သူ ၊ ဆန္ဒတူလျက်
ထူထောင်စ်ပြ
ပထမမြန်မာနိုင်ငံတော်
ဒုတိယမြန်မာနိုင်ငံတော်
တတိယမြန်မာနိုင်ငံတော်။။

❖ နှံ့စပ်ခဲ့သည်၊ ကျွန်ဖြစ်ခဲ့သည်
မြန်မာပြည်တည့်
ကိုလိုနီ နယ်ချဲ့
လူမဆန်တဲ့ ဖက်ဆစ်
ကျူးကျော်စစ် ရန်၊ ပြန်အာခံလည်း
တုံ့ပြန်မှုများ၊ ချိန်ခြေးကြောင့်
အားက မသန်၊ မာန်က လျော့ကျ
ကွာဟ ဘက်စုံ၊ အဖုဖုဖြင့်
ဒို့ဂုဏ်ဌနဲ့ပြည်၊ ရေတိမ်နစ်ပြီ
ကျွန်ဖြစ်ခဲ့ရ နှစ်ရာချီ။

❖ သွေးခွဲမှန့် ၊ သွေးကွဲခဲ့သည်
ဒို့နောင်ညီတည့်
အဆီကို စား၊ အသားကို မြို
သပ်လျှို အမျိုးမျိုး ၊ အမွေဆိုး နှင့်
ခြေထိုးအကောက်ကြ၊ ခလောက်ဆန်ကြောင့်
သံသယပွား၊ သားချင်းကြား၌
နားလည်မှုတို့ လွဲခဲ့သည်။

❖ စုစည်းခဲ့ပြီ ၊ ထုကြီးခဲ့သည်
မြန်မာပြည်တည့်
နောင်ညီ သားချင်း၊ ဒို့သွေးရင်းတို့
ဆောင်ကြဉ်းလူပ်ရှိန်
သခင်မျိုးဟေ့ ဖို့ဗမာ
ခိုင်မာ ထက်သန်၊ ဇာတိမာန်ဖြင့်
ပြန်လည်ဆောင်မြန်း လွတ်လပ်ပန်း။။

❖ အို .. သားချင်းငဲ့
လွတ်လပ်ခဲ့တာ၊ ကြာတောင့်ကြာလည်း
မြန်မာပြည်ကြီး၊ ရှေ့ခရီးကား
အသီးတစ်ရာ၊ အညာတစ်ခု
ညီညွတ်မှုကို၊ ရရန်လိုသေး ...
ကိုယ်တွေ့သမိုင်း၊ အမှန်တိုင်းလျှင်
နှိုင်းဆင်ခြင်လျက်
ပြည်ခွင်နောင်ရေး၊ ကြောင့်ကြေးအောင်
ဆေးအတူ ပူအမျှ၊ အတူတကွလျှင်
ဦးမှ ပ့ဲဆီ ၊ လက်တွဲညီလျက်
ရည်မျှော် သယ်ပိုးကြပါစို့ ။
ပြည်သူ့အားလုံး ငြိမ်းချမ်းဖို့ ။
မြန်မာပြည်ကြီး တိုးတက်ဖို့ ။ ။

မျိုးမြတ်မြတ်မြင့်မောင်
((၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သို့ ဂုဏ်ပြုလျက်)

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုအစပြုနေသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လို

စစ်တွေ ဖေဖော်ဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘာရွှေသည် ယနေ့မွန်းလွဲ ပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးစော်အေးမောင်နှင့် ဒေါ်နုမြေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က AA လက်နက်ကိုင်အဖွဲ့၏ နောင်ဃုက် တိုက်ခိုက်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့မှု၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားမှု၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သော မြို့နယ်နှင့် မြို့များမှ ယာယီတိမ်းရှောင် ခိုလှုံမှု AA လက်နက်ကိုင်အဖွဲ့မှ နိုင်ငံပိုင် ယာဉ်၊ ယန္တရားများ၊ ဌာနဆိုင်ရာ ရုံးသုံးပစ္စည်းများနှင့် ပရိဘောဂများအား အမမူယူဆောင်မှု၊ စက်သုံးဆီနှင့် စားရေရိက္ခာများကို ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ပေးဝေျက်ရိုမှု ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-5i Grade-9i Grade-12 နှင့် တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဒေသခံတောင်သူများ မိုးစပါး အချိန်မီမိုတ်သိမ်းနိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ အခြေအနေ၊ တက္ကသိုလ် ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၏ အခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးစော်အေးမောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ဒေသတည်ငြိမ်အေးချမ်းရန်လို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရခိုင်ပြည်နယ် သည် (မိုဃ်) ဆိုင်ကလုန်းမုန်တိုင်းဒဏ် သင့်ခဲ့သော်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ရခိုင်ပြည်နယ် အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရာတွင်လည်း မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးအောင်မြင်နေမှုကို တွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ထွန်းအောင်မြင်နေမှုများသည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ကြောင့်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရခိုင်ပြည်နယ်၏ အခြေအနေသည် ယခင် အခြေအနေများနှင့်မတူ ပြောင်းလဲလျက် ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းရန် လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အမြတ်ခါးဖွင့်ထားပါကြောင်း။ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ရခိုင်ပြည်နယ်ကို များစွာအလေးထားပါကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဖွံ့ဖြိုးမှု ကောင်းမွန်ရန် လိုအပ်ကြောင်း၊ အလားတူ ကျန်းမာရေးလည်း ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဆေးဝါးများကို သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးရောက်ရှိအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုအစပြုနေသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမည်ဆိုပါက ကောင်းမွန်သော အဖြေတစ်ခုကို ရရှိကာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများ အနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များ ပေးကြစေလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်စဉ်ကာလတွင် ပြည်ထောင်စု စီတာဝတ်ဖြင့် ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမှမ်းကုန်ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရိုနိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အသိအမှတ်ပြုသင်တန်းကျောင်းဖြစ်သည့် Yun Nadi Oo Vocational Training Center သို့ ကွင်းဆင်းကြည့်ရှုအားပေးသည်။ (ယာပုံ)

ထိုသို့ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံက Yun Nadi Oo Vocational Training Center ဆိုင်ရာ အချက်အလက်များ၊ အခြေခံမော်တော်ယာဉ်စက်ပြင် သင်တန်းနှင့် အဆင့်မြင့်မော်တော်ယာဉ် စက်ပြင်သင်တန်းများ ဖွင့်လှစ်ပြီး စာတွေ့၊ လက်တွေ့ သင်ကြားပို့ချနေမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မော်တော်ယာဉ် စက်ပြင်သင်တန်းကို သင်တန်း ကိုးကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား ၂၅ဦးခန့် မွေးထုတ်ပေးရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ကျွမ်းကျင်မှု စစ်ဆေးအက်ဖြတ်ခြင်းနှင့် အလုပ်အကိုင်အခွင့် အလမ်းများရရှိစေရေး ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ Yun Nadi Oo Vocational Training Center အနေဖြင့် အခြေခံမော်တော်ယာဉ်စက်ပြင်သင်တန်း ပို့ချရာတွင် သင်တန်းဆင်းများကို ယုံကြည်မှု တည်ဆောက်၍ ပြည်တွင်းခဲ့ သာမကပြည်ပဆီအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် အရည်အသွေးပြည့်ဝ၍ ခေတ်နှင့် လျော်ညီသော သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်နှင့် သင်တန်းဆင်းများ လုပ်ငန်းခွင်တွင် လက် တွေ့အသုံးချနေမှုကို ပြန်လည် အကြောင်းကြားစေပြီး ဖြည့်ဆည်း သင်ကြားပေးရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

မိုးကြိုကာလများတွင် လေပြင်းများ တိုက်ခတ်ခြင်းကြောင့် အိုးအိမ်ပစ္စည်းများ နစ်စဉ်ပျက်စီးမှုများရှိခဲ့ကြောင်း၊ သာယာဝတီမြို့နယ်၌လည်း လေပြင်းဒဏ်ခံစားရသော ဒေသများထဲတွင် ပါဝင်သည့်အတွက် အိုးအိမ်များကို မွမ်းမံပြင်ဆင်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစင်ထက်အောင်က ပြောကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝင်းဝင်းမာက အိုးအိမ်များ အားဖြည့်၊ မွမ်းမံပြင်ဆင်ရန် ရွေးချယ်လာတွင် အမှန်တကယ်ဆင်းရဲခဲပါးပြီး ထိခိုက်ခံစားလွယ်သော အုပ်စုများ၏ နေထိုင်သော နေအိမ်များအား ဦးစားပေးရွေးချယ်ခဲ့ကြောင်း၊ မိုးကြိုကာလ၌ လေပြင်းများ တိုက်ခတ်နိုင်ပါသဖြင့် နေအိမ်များကို ကြိုတင်ပြုပြင်ရန် လိုအပ်သည့်အတွက် ယခုလို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတိတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ၀ရဟိတအဖွဲ့များ၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက စီရင်ရေးကျေးရွာ အုပ်စု စီရင်ရေးကျေးရွာအတွင်းရှိ နေအိမ်များကို အားဖြည့်၊ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ပိုင်းဝန်းဆောင်ရွက်ကြသည်။

သာယာဝတီမြို့နယ်အတွင်း တစ်အိမ်လျှင် ငွေကျပ် ၄၃၀၀၀ နှုန်းဖြင့် ထရံ၊ ဝါး၊ သံ၊ သွပ်စနစ်ကြိုးများအား ဖြန့်ခွဲ၍ အိမ်ခြေ ၅၀၀ ၊ မိုးညှင်းမြို့နယ်၌ အိမ်ခြေ ၅၀၀ တို့အား ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

◆ *ရှေ့ဖုံးမှ*

ကျောက်ဆည်မြို့နယ်၌ ဆောင်းနေကြာသီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ပြီး အကျိုးအမြတ်ရရှိရေး ခရိုင်/မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးလျက်ရှိရာ နေကြာတစ်ဧက စိုက်ပျိုးပါက မြေပြပြင်ခြင်း၊ မျိုးစေ့ဖိုးနှင့် စုစုပေါင်း ကုန်ကျငွေကျပ် ၅၄၀၀၀ ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၂၇ ဒသမ ၁၁ တင်းထွက်ရှိကာ ပြန်လည်ရောင်းချပါက ငွေကျပ် ၁၀၈၄၄၀ ပြန်လည်ရရှိသဖြင့် အကျိုးအမြတ်ငွေကျပ် ၅၄၀၄၀ ရရှိကြောင်း နေကြာစိုက်တောင်သူများထံမှ သိရသည်။

ကျောက်ဆည်မြို့နယ် အတွင်းရှိ နေကြာစိုက်တောင်သူများ အနေဖြင့် ဆောင်းနေကြာသီးနှံများ စိုက်ရာတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုး သည့်အပြင် မိရိုးဖလာစိုက်နည်းစနစ် များဖြင့်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ မိရိုးဖလာစိုက်နည်းစနစ်ဖြင့် နေကြာ တစ်ဧကစိုက်ပျိုးပါက မျိုးစေ့လေးပြည် အသုံးပြုရပြီး စုစုပေါင်းကုန်ကျငွေကျပ် ၂၅၃၀၀၀ ၊ တစ်ဧကအထွက်တင်း ၁၈ တင်းထွက်ရှိပြီး ပြန်လည်ရောင်းချပါက ငွေကျပ် ၇၂၀၀၀ ရရှိကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးခြင်းသည် မိရိုးဖလာ စိုက်ပျိုးခြင်းထက် အထွက်နှုန်းပို၍ အကျိုးအမြတ်ငွေ ပို၍ရရှိသောကြောင့် တောင်သူများအနေဖြင့် ဆောင်းနေကြာ သီးနှံများစိုက်ပျိုးရာတွင် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့်ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/၅လ

ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှစ်ခုလုံးတွင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် စက်မှုလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ကကျောက်ဖြူအထူးစီးပွားရေးဇုန်ကို နိုင်ငံတော်အစိုးရအနေဖြင့် မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါစီမံကိန်းသည် နိုင်ငံအတွက် အရေးပါသည့် စီးပွားရေးနှင့် တစ်ခုဖြစ်ကြောင်း၊ ထို့အတူ ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းသည်လည်း နိုင်ငံတော်အတွက် အရေးကြီးသည့် စီမံကိန်းဖြစ်ပြီး အဆိုပါစီမံကိန်းအတွင်း ရေနက်ဆိပ်ကမ်းနှင့်အတူ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ရေနံဓာတုစက်ရုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန် စီမံကိန်းနှစ်ခုလုံးတွင် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေမည့် စက်မှုလုပ်ငန်းများကိုဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်တင်ပြ

ထို့နောက် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရွှေထွန်းနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ဆန်းဦးတို့က သက်ဆိုင်ရာဇုန်အတွင်း လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးနှစ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက ထားဝယ်အထူးစီးပွားရေးနှစ် စီမံခန့်ခွဲမှုကော်မတီ ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စများကို လည်းကောင်း ရှင်းလင်တင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူနှင့်ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာနှစ်အလိုက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ အောင်မြင်စေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စီမံကိန်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်သုံးသပ်ရန်နှင့် သုံးသပ်ချက်များအပေါ် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန်နှင့် ကိစ္စများကို ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

မြို့သစ်မြို့နယ် ပေပင်ရိုး - ပုဂံမျှော် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇ဂျုံနှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော မကွေး-နေပြည်တော်လမ်းမှ ဘုရားပြို(မြောက်) နှင့် (တောင်) ကျေးရွာ ကွန်ကရစ်လမ်း အရှည် ၁ မိုင် ၅ ဖာလုံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် မကွေးမြို့နယ် ဘုရားပြိုကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ပေပင်ရိုး - ပုဂံမျှော်လမ်း အရှည် ၆ မာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ စီမံကိန်းများ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီ စွာပြီးစီးရေးမှာကြားပြီး ပေပင်ရိုး-ပုဂံမျှော်ကျေးရွာတို့မှ တောင်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်တင်ပြမှုများ အပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**သတင်းစဉ်**

ဗြိတိန်ရေတပ်ရေယာဉ်ကြီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဗြိတိန်ရေတပ်ရေယာဉ်ကြီး HMS Lancaster ကို ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း ရန်ကုန်ဆိပ်ကမ်းမှ ရေယာဉ်ကုန်သွယ်ရေးဦးစီးဌာနက ပြောကြားခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ ရန်ကုန်ဆိပ်ကမ်းတွင် ဆိပ်ကမ်းခေါ်ယူခြင်းခံခဲ့ရကြောင်း ဖော်ပြခဲ့ကြပြီး ယခုရောက်ရှိလာသော ရေယာဉ်ကြီးသည် ရန်ကုန်ဆိပ်ကမ်းတွင် ရက်ပေါင်း ၄ ရက်ခန့် ကြာရှိမည်ဖြစ်ကြောင်း ဆိုပါသည်။

ဗြိတိန်ရေတပ်ရေယာဉ်ကြီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

မြန်မာနိုင်ငံတွင် ဝတ်ဆင်မှုများသည့် ရိုးရာချည်ထည်တစ်မျိုးဖြစ်သော ချင်းရိုးရာလက်ရက်ထည်များ ရောင်းအားတက်နေ

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံတွင် ဝတ်ဆင်မှုများသည့် ရိုးရာချည်ထည်တစ်မျိုးဖြစ်သော ချင်းရိုးရာထည်များ ရောင်းအားတက်နေကြောင်း ချင်းရိုးရာလက်ရက်ထည် လက်လီလက်ကားရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

"ချင်းရိုးရာ လက်ရက်ထည်တွေက ဝယ်လိုအားကောင်းတယ်။ ဒီနှစ်ပိုင်းအတွင်း ဒီလိုင်းအတွင်းတွေဆို ဝယ်လိုအားရောရောင်းလိုအားတွေပါ တက်နေတယ်။ ကျွန်မမ တို့ဆီမှာတော့ တီးတိန်ရိုးရာတို့၊ ဟားခါးရိုးရာတို့ပေါ့။ ဒီမှာတော့ စက်ရက်ကန်းတွေ သုံးတာများတယ်။ လက်ရက်ကန်းကတော့ ပုံရွာဘက်က ထွက်တာရှိတာများတယ်" ဟု မြန်မာပြည် အနှံ့အပြားသို့ တင်ပို့ရောင်းချနေသည့် ဒေါ်ဖွားချစ် ချင်းရိုးရာလက်ရက်ထည် လက်လီလက်ကားအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ချင်းရိုးရာ စက်နှင့်လက်ရက် ထည်များသည် လူစီတပ်စာမှုများပြားနေပြီး ရိုးရာထည်များကို လူမျိုးစုဝယ်ယူနေလျက် ရှိကြကြောင်းနှင့် အဆိုပါရိုးရာထည်များကို စိတ်ဝင်စားကာ တစ်ပိုင်တစ်နိုင်ရောင်းချမည့် သူများအနေဖြင့်လည်း ရိုးရာအထည်များ၏ ထုံးတမ်းစဉ်လာများကို လေ့လာစေလိုကြောင်းလည်း ထင်းကအကြံပြုသည်။

"စိတ်ဝင်စားပြီး ဝတ်ဆင်တဲ့သူတွေ အများစုကတော့ ရိုးရာထည်ကို စိတ်ဝင်စားပြီး ဝတ်တဲ့သူတွေကများတယ်။ ချင်းလူမျိုးတွေ များတာမဟုတ်ဘူး လူမျိုးစုအားပေးကြတာ ပေါ့။ အကြံပြုချင်တာက ရိုးရာယဉ်ကျေးမှု မပြတ်အောင်ပေါ့။ ရက်ကန်းထည်တွေ ရောင်းမယ်ဆိုရင် ရိုးရာထည်တွေရဲ့ ထုံးတမ်းစဉ်လာ လေးတွေကို သေချာလေ့လာပြီးမှ ရောင်းရင်တော့ ပိုအဆင်ပြေတာပေါ့" ဟု ဒေါ်ဖွားချစ် ချင်းရိုးရာလက်ရက်ထည် လက်လီလက်ကား အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

လက်ရှိတွင် ချင်းရိုးရာအထည် ဈေးကွက် အတွင်းဌ၁ တီးတိန်ရိုးရာ အမျိုးသမီးဝတ် စက်ရက်တစ်စုံလျှင် ငွေကျပ် ၃၀၀၀၀ ဝန်းကျင်၊ ဟားခါးရိုးရာ အမျိုးသမီးဝတ်စက်ရက်တစ်စုံ လျှင် ငွေကျပ် ၂၀၀၀၀ ဝန်းကျင်နှင့် ဂျပ်ခုတ် ရိုးရာအစစ်တစ်စုံလျှင် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀၀ ဝန်းကျင်အထိရှိပြီး စက်နှင့်ရက်လုပ်သည့်အထည်နှင့် လက်နှင့် ရက်လုပ်သည့် အထည်များမှာ ရက်သားများ ကွာခြားမှုရှိကြောင်းလည်းသိရသည်။ **သစ်တော်**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ၂၀၂၄ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲ (စတုတ္ထ)နေ့ကို ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ဒွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ Burmese Golf မန်နေးဂျင်းဒါရိုက်တာ ဦးကျော်ကိုကိုချစ်က Best Amateur Player ဆုရရှိသူ မင်းစစ်သွေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက Senior Pro အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော စိုးကျော်နိုင်(Taylormade)၊ ဒုတိယဆုရရှိသော ကျော်မိုး (Green Joy Pro Shop)နှင့် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေက ပထမဆု ရရှိသော မင်းနိုင်အား ပထမဆုဖလား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Professional အဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ Junior Golf Myanmar ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်စိုးက တတိယဆုရရှိသည့် သိန်းနိုင်စိုး (HAN Golf Academy) ကိုလည်းကောင်း၊ Tournament Director ဦးဌေးအောင်က ဒုတိယရရှိသည့် ရာဇာ(MGG)ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးသန့်ဇင်က ပထမဆု ရရှိသော ကျော်သက်ဦး (Okkala Golf Academy & Tee off Apparel) ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီက Senior Professional အဆင့်တွင် ပထမဆုရှိသည့် မင်းနိုင်အား ဆုကြေးငွေချက်လက်မှတ်ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Professional အဆင့်တွင် ပထမဆုရရှိသော ကျော်သက်ဦးအား အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် ဆုကြေးငွေချက်လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ကိုညီလေး၊ ဓာတ်ပုံ - MGF

"အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ပြုလုပ်သော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉ သောကြာနေ့စကားပိုင်း (Friday Talk) ၏ အမှတ်စဉ်(၄၅) ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဧော် တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် စီးပွားရေးအချက်အချာကျသော နေရာဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှု အွင့်အလမ်းကောင်းများ များစွာရှိသောတိုင်းဒေသကြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် မန္တလေးတိုင်းဒေသကြီးသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် (၅) နေရာနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွင် အဆင့်(၂)နေရာ တို့ခွဲရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခြေခံအဆောက်အဦးများ များစွာ တည်ရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သော အွင့်အလမ်းများ များစွာ ရှိကြောင်း၊ တိုင်းပြည်စီးပွားဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရဦးဆောင်သော စီးပွားရေးပုံစံ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သော စီးပွားရေးပုံစံ (PPP)နှင့် ပုဂ္ဂလိကဦးဆောင်သော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပုံစံတို့ဖြင့် ဆောင်ရွက်ရကြောင်း၊ သို့ပါ၍ ဝန်ထမ်းများအနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာများဖြစ်သောကြောင့် စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ဗဏီများညွှန်ကြားမှူဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အမ်စောမ်ခေါ်နိုက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ၏အရေး ပါမှုများ၊ ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် အစိုးရမှ အားပေးဆောင်ရွက်နေမှုများကို အလေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက တစ်ကမ္ဘာလုံးတွင် အသုံးများသည့် စီးပွားရေးပုံစံဖြစ်သော (Public Private Partnership – PPP) နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသော ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကျင်းပပြုလုပ်သော တိုင်းရင်းသား ရိုးရာ အစားအစာပွဲတော်သို့ တက်ရောက်ကာ ဌာနအလိုက် ခင်းကျင်းထားသော တိုင်းရင်း သားရိုးရာအစားအစာမဏ္ဍပ်များ ကို လှည့်လှည့်ကြည့်ရှုပြီး ဝန်ထမ်း များနှင့်အတူ ရိုးရာအစားအစာများ ကို လက်ရည်ညာစမ်းပြင်တည်း ပျော်ရွှင်စွာသုံးဆောင်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာ ထမ်း၊ အမှုထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်ခွဲခဲ့ကြကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

Naypyitaw State Academy (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉ Naypyitaw State Academy (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်း ပွဲတော်နှင့် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင် အောက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစော်မြင့်၊ အဖြေတမ်း အတွင်းဝန် ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာ စကားဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးကိုလေးဝင်း၊ Naypyi-taw State Academy ဒုတိယ ပါမောက္ခချုပ် (စီမံ) ဒေါက်တာ နုနုလွင်နှင့် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာဖိုးဖိုးအောင်၊ ရာထမ်း၊ အမှုထမ်းများ၊ ဆုရရှိကြ သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အဖြေ တမ်းအတွင်းဝန်၊ ညွှန်ကြားရေး မှူးချုပ်နှင့် ဒုတိယပါမောက္ခချုပ် တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Naypyitaw State Academy ၏ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီး ဒေါက်တာစော်မြင့်၊ အဖြေတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယပါမောက္ခ ချုပ် (စီမံ) ဒေါက်တာနုနုလွင်နှင့် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာဖိုးဖိုးအောင်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီး သည် Naypyitaw State Academy ၏ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ဈေးရောင်း ပွဲတော်ရှိ ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းများဆောင်ရွက်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၉ မန္တလေးတိုင်းဒေသကြီး ပြင်ဦး လွင်မြို့နယ်၌ ကလေးငယ်များ ကျန်းမာကြွရိုင်မှု ရှိစေရန်နှင့် ကလေးငယ်များ ရောဂါဘယ ကင်းရှင်းစေရန် ရည်ရွယ်၍ ကလေး ငယ်များအား ပုံမှန်ကာကွယ်ဆေး များ တိုက်ကျွေး၊ ထိုးနှံခြင်းကို ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ ဆရာဝန်၊ သုနာပြု များက ကျောင်းအခြေပြုအဖြစ် လိုက်လံတိုက်ကျွေး၊ ထိုးနှံမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဆုံ့ဆို့၊ မေးခိုင်ရောဂါ ကာကွယ် ဆေးထိုးနှံခြင်း လုပ်ငန်းကို ပြင်ဦးလွင်မြို့နယ်တွင် ကျောင်း အခြေပြုအဖြစ် ဖေဖော်ဝါရီ ၈ ရက်မှ စတင်ထိုးနှံပေးလျက်ရှိပြီး ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်း ၁၄၉ ကျောင်း၊ ဘုန်းတော်ကြီး သင်ကျောင်း ခုနှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၃၀ တို့ရှိ အသက် (၅)နှစ်မှ (၇) နှစ်အတွင်း ကျောင်း သား ကျောင်းသူ ၈၂၆၁ ဦးကို ထိုးနှံပေးသွားမည် ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရ သည်။ **ဖြူလူသစ်(ပြန်/ဆက်)**

မြတီမြို့၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘက်စုံစွမ်းရည် ထူးချွန်ဆုချီးမြှင့်

မြတီ ဖေဖော်ဝါရီ ၉ ဖေဖော်ဝါရီ ၁ ရက်တွင် ကျရောက် မည့် (၇၇)နှစ်မြောက် ပြည်ထောင်စု နေ့အထိမ်းအမှတ် ဘက်စုံစွမ်းရည် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကို ဖေဖော်ဝါရီ ၈ ရက်က ကရင် ပြည်နယ် မြတီမြို့ City Home ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးသက်လွင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်၊ ပြည်နယ် နှင့် ဗဟိုအဆင့်များတွင် ဘက်စုံ စွမ်းရည်ထူးချွန်ဆု ရရှိခဲ့သည့် ဆရာ ဆရာမများနှင့် ကျောင်း သား ကျောင်းသူများကို မြတီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း နှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ကရင် ပြည်နယ် သာသနာနှဘုဝအသင်း ဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည် ရေးအသင်းနာယက ဦးစောမှတ် သုနှ၊ အမှတ်(၂၇၅) တပ်ရင်းမှူး ဗိုလ်မှူးဇော်ဟန်ဦး၊ မြို့နယ်အုပ်ချုပ် ရေးမှူးနှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင် ဦး၊ မြို့နယ်ပညာရေးမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဓာဇြူဝင်း(ပြန်/ဆက်)

သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊ စေတနာအမှား စသည့်အမှားများစွာ ဖြစ်ပေါ်လာနိုင်

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် သတင်းအမှားများကို ဆင်ခြင်သိ၊ တွေးတောသိဖြင့် ကြိုတင်တားဆီးကာကွယ်ရမည်

မန္တလေး ဖေဖော်ဝါရီ ၉

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အကြီမ်(၂၀)မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရတနာပုံဥယျာဉ် အတွင်း (၁၂ – ၈၀)လမ်းထောင့် ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ မန္တလေးတပ်နယ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပါဝင်ကူညီပံ့ပိုးများ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြပွဲ၊ ပြိုင်ပွဲတွင် ပါဝင်ကြသူများ၊ ဗျိုးဥယျာဉ် လုပ်ငန်းရှင်များ၊ ပန်းပညာရှင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်မှင့်လုစ်ပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ မန္တလေးတပ်နယ်မှူး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်မှင့်လုစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဌာနဆိုင်ရာ ပြခန်းများ၊ အသေးစား၊ အငယ်စားနှင့် အလယ်စား (MSME) ပြခန်းများ၊ ဗျိုးပင် အရောင်းဆိုင်ခန်းများ၊ ပြိုင်ပွဲဝင်ဆုရ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြခန်းများကို လိုက်လံကြည့်ရှု အားပေးပြီး တက်ရောက်လာသူများအား ပျိုးပင်များ အခမဲ့ဝေငှပေးသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် ဌာနဆိုင်ရာ ပြခန်း ၁၃ အခန်း၊ MSME ပြခန်း ခြောက်ခန်း၊ ပျိုးပင်ပန်းပင်အရောင်းဆိုင် ၁၁ ဆိုင်နှင့် အခြားစျေးဆိုင်ခန်းများ ပါဝင်ပြသကြောင်း သိရသည်။

ဆွေးနွေးပြောကြား

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္တီလာတက္ကသိုလ်ဘွဲ့နှင်းသဘင်နန်းမခွံ ကျင်းပသည့် မိတ္တီလာမြို့ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများအား "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှု အန္တရာယ်" နှင့် " နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ" ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး ပြောကြားသည်။

ဆွေးနွေးပွဲသို့ မိတ္တီလာရှိ တက္ကသိုလ် ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်၊ ကောလိပ်ဒီဂရီများမှ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ဌာနမှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ မိတ္တီလာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "လှမ်းလာခဲ့ပါ ထီလာမြေ" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်" နှင့် "နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ" မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်တည်ဆောက်ရေးတွင် မီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထုအား ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့် မူဝါဒသုံးရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့လာရောက်ဆွေးနွေး ပြောကြားခြင်းမှာ အသိပညာပေးရန် ဟူသည့် ပန်ကြီးဌာန၏ တာဝန်တစ်ရပ်တွင် ပါဝင်ပါကြောင်း။

နိုင်ငံတော်တည်ဆောက်ရေးအတွက် မီဒီယာနည်းလမ်း၊ ပြည်သူ့ဆက်သွယ်ရေး နည်းလမ်းကောင်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆောင်ရွက်ရမည်မှာ မိမိတို့ ဝန်ကြီးဌာန၏ တာဝန်ပင်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်သည် နည်းပညာ ပြောင်းလဲတိုးတက်လာသည့် ခေတ်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမားရိုးကျမီဒီယာများ (Traditional Media) များအပြင် New Media များဖြင့်ပါ မိမိတို့ဝန်ကြီးဌာန၏ သတင်းမှန်များကို ပိုမိုထိရောက် ဖျန့်ကျက်ယ်ပြန့်အောင် ထုတ်လွှင့်လျက် ရှိပါကြောင်း။ ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်မီ တိုးတက်လာသည့် နည်းပညာများကို မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း။

လူငယ်များအနေဖြင့် နောင်တွင် ပညာပြည့်ဝသောလူရည်ဗျွန်၊ လူရည်မှန်များ ဖြစ်ပေါ်လာစေရေးအတွက် ယခု အချိန်ကပင် ကောင်းမွန်သောအသိတရားများ မွေးမြူကြရန် လိုအပ်ပါကြောင်း။ ဤသို့ ဖြစ်ရန်အတွက် သတင်းအချက် အလက်အမှန်များသိရှိရန် လိုအပ်ပါကြောင်း၊ သတင်းအဆိပ်သင့်မှုအန္တရာယ် သည် မိမိတို့၏ နေ့စဉ်လူမှုဘဝပေါ်ကို များစွာသက်ရောက်နေပါကြောင်း။ သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊ စေတနာအမှား စသည့်အမှားများစွာ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် သတင်းအမှားများကို ဆင်ခြင်သိ၊ တွေးတောသိဖြင့် ကြိုတင် တားဆီးကာကွယ်ရမည် ဖြစ်ပါကြောင်း။

မီဒီယာ၏တန်ဖိုးကိုသိရှိနားလည်

ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများသည် ဆင်ခြင်တုံတရားကင်းမဲ့၍ ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းတွင် သာမက ပြည်ပနိုင်ငံများသို့ နိုင်ငံ၏ ပကတိအခြေအနေများ၊ နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်ဖြစ်ထွန်း ပြောင်းလဲမှုများကို ပြည်တွင်း/ပြည်ပမီဒီယာများနှင့် ချိတ်ဆက်ပြီး မီဒီယာနည်းလမ်းပေါင်းစုံဖြင့် ထိရောက်ဖျန့်နှံအောင် လုပ်ဆောင်လျက်ရှိပါကြောင်း။ မိမိတို့ဝန်ကြီးဌာနသည် နေ့ချိုသစ်လွင်၍ ခေတ်မီသောမူဝါဒဖြင့် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍနှင့်လူငယ် အခန်းကဏ္ဍတို့ကို ဗဟိုပြု၍ ပြောကြားပေးလျက်ရှိပါကြောင်း။ ဆရာ ဆရာမများ သည်လည်း နိုင်ငံတော်၏ အရေးကြီးသော လူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးသည်ဖြစ်၍ တန်ဖိုးထားပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး တာဝန်ထမ်းဆောင် နေကြသူများဖြစ်သည့် အတွက်မီဒီယာ၏တန်ဖိုးကိုသိရှိနားလည်ပြီး ကောင်းစွာအသုံးချရန် လိုအပ်ပါကြောင်း။

လာမည့်အနာဂတ်နိုင်ငံတော်ကို ပန်းလွဲပြောင်း တာဝန်ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ ရတနာပများဖြစ်သည့်အတွက် သတင်းမီဒီယာ၏တန်ဖိုးကို သိရှိနားလည်ပြီး နေ့စဉ်လူမှုဘဝအကျိုးရှိအောင် အသုံးချ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆွေးနွေး ပြောကြားသည်။

ယင်းနောက် မိတ္တီလာပညာရေးဒီဂရီ ကောလိပ်မှ ကျောင်းသား ကျောင်းသူများက "ပြည်ထောင်စုသွေး" တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး က အခမ်းအနားသို့ တက်ရောက်လာကြ သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား MRTV DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box အလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သည် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခ ချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမကြီး များ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများ မှကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းဆွေးနွေးပွဲသို့ မိတ္တီလာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြု သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း တက္ကသိုလ် / ဒီဂရီကောလိပ်ကျောင်း ရှစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၇၁၀ နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ပြည်သူလူထုများ တက်ရောက်ခဲ့ကြ သည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အကြိမ်(၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၊ ဆုပေးပွဲ၊ မန္တလေးတပ်နယ်မှူး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူ၊ ပြပွဲ၊ ပြိုင်ပွဲ ကပြဖျော်ဖြေခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ကအခမ်းအနားသို့ တက်ရောက်လာကြ သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား MRTV DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box အလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပုံ

ပြန်ကြားရေးဝန်ကြီးဌာနခွဲ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပူပြင်းခြောက်သွေ့သော ရာသီသို့ ရောက်ရှိလာပြီ ဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကိုသိရိုက်နာကျင့်သုံးရေးနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မီးဘေးကြိုတင် ကာကွယ်ရေးဟောပြောပွဲ(ယာဝုံ)နှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနခွဲ ကျင်းပသည်။

ဟောပြောပွဲနှင့် သရုပ်ပြပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြတမီး အတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ အရာထမ်း၊ အမှုထမ်းများနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရေးဦးစွာ နေပြည်တော် မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးဖြတ်သီဟက မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်ဖြစ်သည့် "မိုးမှာလေ့ကျင့်၊ ဆောင်းမှာ စစ်ဆေး၊ နွေမှာ အသင့်ရှိရေး" ဆိုသည့် ဆောင်ပုဒ် အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ရာ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက် ရှိ ခရိုင်၊ မြို့နယ်များအနေဖြင့် ဝန်ကြီးဌာနမှများ၊ ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘာသာ ရေးဆိုင်ရာ အဆောက်အဦများ၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ စက်ရုံအလုပ်ရုံသို့လောင်စာရုံများနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား မီးဘေးလုံခြုံရေး၊ အသိပညာများပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခြင်းများ ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့အပြင် Myanmar Fire Safety Code(2020)တွင် ပါရှိသည့်အတိုင်း သုံးထပ်နှင့် အထက် အဆောက်အအုံများနှင့် မီးဘေးဘိုးရိမ်ရသော လုပ်ငန်းများကိုလည်း Fire Safety Certificate (FSC)များကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး မီးသတ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ထုတ်ပေးလျက် ရှိပါကြောင်း၊ မီးသတ်သမားများသည် မီးသတ်ဦးစီး ဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များအတိုင်း စွမ်းစွမ်းတမံဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ထမ်း များအနေဖြင့်လည်း မီးဘေးအန္တရာယ်နှင့် သဘာဝ ဘေးအန္တရာယ်များမှ ကင်းဝေးစေရေးအတွက် ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်အောင်ထွန်း က မီးသတ်ဦးစီးဌာန၏လုပ်ငန်းစဉ်များ၊ ရည်ရွယ် ချက်၊ မြန် ၃ မြန်၊ သင့် ၄ သင့်၊ MET System၊ မြန်မာ နိုင်ငံတွင်ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ် များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ လောင်စာ ၄ မျိုး၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစား ခွဲခြားခြင်း၊ အပူသယံဆောင်ခြင်း၊ လျှပ်စစ်မီးလောင်မှု ဖြစ်စေသည့် အဖြစ်အကြောင်းရင်းများ၊ ရောင်ကြည် ရမည့်အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဥတ္တရခရိုင် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစိုးသက်နောင်က မီးဘေးလုံခြုံရေး ဆိုင်ရာလုပ်ငန်းစဉ်များ၊ ရှာဖွေကယ်ဆယ်ရေး၊ မီးသတ် ဆေးဘူးများစစ်ဆေးခြင်းနှင့် တပ်ဆင်အသုံးပြုခြင်း၊ မီးသတ်ပြခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ အိမ်သုံး လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ သတိပြုစရာ များ၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်က ကျေးဇူးတင်စကား ပြောကြား သည်။

ယင်းနောက် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိရှုများ က မီးလောင်မှုဖြစ်ပွားပါက ဝန်ထမ်းများကိုယ်တိုင် စနစ်တကျ မီးငြိမ်းသတ်နိုင်ရေးအတွက် Kitchen Fire အား မီးသတ်နည်း သုံးမျိုး၊ Gas Fire အား မီးသတ်နည်း သုံးမျိုး၊ ဆီ မီးလောင်မှုအား မီးသတ် နည်း နစ်မျိုးတို့ကို ဝန်ထမ်းများနှင့်အတူ ဓာတ်တိုက် လေ့ကျင့်မှုလုပ်ငန်းများ လက်တွေ့သရုပ်ပြလေ့ကျင့် ဆောင်ရွက်ကြသည်။ (ဝဲတို့)

သတင်းစဉ်

အကြိမ် (၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများဖြင့် စည်ကား

မန္တလေး ဖေဖော်ဝါရီ ၉

မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီက ကျင်းပသည့် အကြိမ် (၂၀)မြောက် မြို့တော်ဝန် ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်၍ မန္တလေးမြို့ ရတနာပုံဌယာဉ် အတွင်း ကျင်းပရာ လာရောက် လေ့လာကြည့်ရှုကြသည့် ပြည်သူ များဖြင့် စည်ကားလျက် ရှိ သည်။ (ယာဝုံ)

(ဂုဏ်)နှစ်မြောက်ပြည်ထောင်စု နေ့ကို ကြိုဆိုဂုဏ်ပြသောအား ဖြင့် လည်းကောင်း၊ မြို့တော် စီမံလမ်းနှိုးပြည်သာယာလုပ်ရေး လုပ်ငန်းများအတွက် ပြည်သူ လူထု စိတ်ပါဝင်စားလာစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေ ရန်၊ အိမ်တိုင်းအိမ်တိုင်းစီမံလန်း စိုပြည်ရေး ဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့တော်အား ဥယျာဉ် မြို့တော်အဖြစ် တည်ဆောက် ထိန်းသိမ်းရာ၌ အထောက်အကူ ဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက် နှင့် သစ်သီးဝလံပန်းမန် အဆင့်မြင့် စိုက်ပျိုးနည်းပညာများ ဖလယ် နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်း မျိုးသန့်များ ပြန့်ပွားလာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီး ဝလံ ပန်းမန်မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်း တစ်စိုင်တစ်နိုင် စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံ တော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးကို အထောက်အကူဖြစ်စေ ရန် စသည့်ရည်ရွယ်ချက်များဖြင့် လည်းကောင်း နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းဖြစ်ကြောင်း မန္တလေး မြို့တော်ဝန် ဦးကျော်ဆန်းက ပြောသည်။

"ဒီပွဲမှာပါဝင်ကြမို့ တိုင်းဒေသ ကြီးနဲ့ပြည်နယ်အသီးသီးကို မိတ် ကြားခဲ့ပါတယ်။ ဒီနှစ်က အရင်နှစ် ထက် ပါဝင်ယှဉ်ပြိုင်သူတွေ များလာတာကို တွေ့ရပါတယ်။ လာရောက် လေ့လာကြသူတွေ လည်း များပြားပါတယ်" ဟု ပြောသည်။

ယခုနှစ်ပြပွဲကို ယခင်နှစ်များ နှင့်မတူ ထူးထူးခြားခြား အစီအစဉ် များဖြင့် စီစဉ်ဆောင်ရွက်ထား သည်အတွက် ကျောင်းသား လူငယ်များ အထူးစိတ်ဝင်စားစွာ လာရောက်လေ့လာကြပြီး ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာ ကြသူများအား အရိပ်ရအပင် အမျိုးအစား ငါးမျိုးမှ အပင်ပေါင်း ၁၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

ပြပွဲတွင် သစ်သီးဝလံနှင့် ပန်းမန်အမျိုးအစားပေါင်း ၂၃ မျိုး ပါဝင်ပြသထားပြီး မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသ ကြီးတို့မှ စိတ်ပါဝင်စားသူများ လာရောက် ယှဉ်ပြိုင်ကြကြောင်း မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာနမှူး ဦးစိုးလင်းက ပြောသည်။

"ဒီနှစ်မှာတော့ သစ်သီးဝလံ ပန်းမန် အမျိုးအစားစုံစုံလင်လင်ရဲ့ ပြသယှဉ်ပြိုင်နိုင်တာကို တွေ့ရ ပါတယ်။ အမျိုးအစားတစ်ခုချင်း အလိုက်လည်း အသေးစိတ် ရွေးချယ်ပြီး ဆုချီးမြှင့်သွားမှာဖြစ် ပါတယ်။ ဒါကြောင့် အနယ်နယ် အရပ်ရပ်က စိတ်ပါဝင်စားသူတွေ အနေနဲ့ ဒီပြပွဲကြီးကို လာရောက် လေ့လာကြည့်ရှုနိုင်ပြီး ဝယ်ယူလို လည်းရပါတယ်။ စိုက်ပျိုးရေးနည်း စနစ်တွေ၊ မျိုးစိတ်တွေကိုလည်း လာရောက်ယူဆောင်လို့ရပါတယ်။ အားလုံးလာရောက်ကြဖို့ ဖိတ်ခေါ် လိုပါတယ်" ဟု ပြောသည်။

အလားတူ ဟင်းသီးဟင်းရွက် နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲတွင် လည်း ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ထိုက် ထိုက်တန်တန်ဆုများ ချီးမြှင့်သည့် အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြ သည့်ပြိုင်ပွဲဝင်များလည်း များပြား ခဲ့သည်။

အဆိုပါပြပွဲသို့ ပြင်ဦးလွင်မြို့၊ မုလာရောက်လေ့လာယှဉ်ပြိုင်သူ တစ်ဦးကလည်း " ဒီပြပွဲ၊ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြီးခဲ့တဲ့ နှစ်လကတည်းက ကြိုတင် ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပါ တယ်။ ဒါကြောင့် အခု ဆုလည်း ရရှိခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒီလို ဝင်ရောက်ယှဉ်ပြိုင်တာ သုံးနှစ် ရှိပါပြီ။ ကျွန်မကတော့ သစ်ပင် တွေကိုချစ်ပြီး သူတို့ကိုဖြင်ရရင် စိတ်ချမ်းသာတယ်။ ဒါကြောင့် အမြဲစိုက်ပျိုးနေပါတယ်။ ဒီလို ပြိုင်ပွဲ ကျင်းပပေးခြင်းဖြင့်လည်း ကျွန်မတို့လိုစိုက်ပျိုးရေးပါသမား ပါသူတွေအတွက် အကျိုးရှိစေပါ တယ်" ဟု ပြောသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက် အထိ မည်သူမဆို လွတ်လပ်စွာ လာရောက်လေ့လာ ကြည့်ရှုနိုင် ကြောင်း သိရသည်။

မောင်အေးချမ်း

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ခင်းကျင်းပြသထားမှုနှင့် လာရောက်လေ့လာကြည့်ရှုသူများကိုတွေ့ရစဉ်။

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အငြိမ်းစားဝန်ထမ်းဟောင်းများ မာရဝိဇယဗုဒ္ဓရုပ်ဟွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြ

နေပြည်တော် ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ဌာနအသီးသီးရှိ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ စုစုပေါင်း ၄၇ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂို့ဏသီရိဗြိုနယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဗီဒီယိုမှတ်တမ်းပြသ

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာ့ရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်ဖြိုးကာစွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများသည် ယခုကဲ့သို့ ရပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

အလှူငွေများပေးအပ်လှူဒါန်း

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားဝန်ထမ်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံ(ပယ်ပြသထားမှု(ယာဝုံ)၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဒိပတိ သာသနာ့ဝန်မာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များနှင့် အခြား သာသနိုက အဆောက်အဦးများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြ

သည့် အငြိမ်းစားဝန်ထမ်းများ၏ ရင်တွင်း စကားသံများကို ယခုလိုကြားသိခဲ့ရသည်။

မဂ်လာပါများ။ မကွေးကနေဖြီး နေပြည်တော်က ဒီမာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို ဖူးရတဲ့အခါမှာ တော်တော်များများ အဆင်ပြေတာတွေ့ရတယ်။ ကားစီးလာတုန်းကလည်း အဆင်ပြေတယ်။ ဒီရောက်တော့လည်း အဆင်ပြေတယ်။ စားဖွယ်သောက်ဖွယ်လည်း အဆင်ပြေတယ်။ ဒီမှာရှိတဲ့လူတွေက လည်း ရင်းရင်းနှီးနှီးကြဆိုပြီး စနစ်တကျ ကျွန်တော်တို့ကို ရှင်းပြတဲ့အတွက် တော်တော်ကို ဝိတိဖြစ်မိပါတယ်။ ကျွန်တော်တို့ အညာမှာရှိတဲ့ ဘုရားတွေဟာ ဒီဘုရားကြီးနဲ့ယှဉ်ရင် သေးသေးလေးပေါ့။ ဒီမှာကျတော့ အကြီးကြီးပဲ။ အဲဒါကြောင့် ကျွန်တော်က ပြောလိုက်ချင်တာ "ကြီးကြီးနဲ့ကျယ်ကျယ် မင်းတည်တဲ့ ဒီဘုရား သေးသေးလိုနဲ့မခ လိုတရပြည့်စုံစေတယ် ဖူးမြော်ဆုတောင်း" ဆိုတဲ့ ကဗျာလေးကို ကျွန်တော်ပြောချင်ပါတယ်။ အာရှမှာ ရှေ့မြန်မာ ကမ္ဘာမှာ အလွန်ထင်ရှား ကျောင်းကနဲဘုရား လှူဒါနိုးကြ၏။ သံယာအကျော် နှစ်စဉ်ပေါ်၏။ တရားသံများ အမြဲကြား၏။ ဘုရားဖူးနေ့ နေ့စဉ်ခေါ်၏၊ ရဟန်းရှင်လူ မင်းပြည်သူတို့ ပေါင်းစုအားကြောင့် နေရာ ဟုတ်သည် ပြောရမှာနေသည် နေပြည်တော် မှာပျော်ပါသည်။ ဒီဘုရားနဲ့ ပတ်သက်တဲ့ နီးနွယ်ဆက်စပ်တဲ့ပုဂ္ဂိုလ်များ နိုင်ငံတော် အကြီးအကဲများအားလုံးကို ကျွန်တော် တို့က လိုက်လို့ကိုလဲလဲ့ ကျေးဇူးတင် တယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

ဒီရုပ်ပွားတော်မြတ်ကြီးကို အရင်ဝင် ဖူးတယ်။ အခုလို ဘုရားရင်ပြင်တော်ပေါ် လိုက်လံဖူးမြော်ရာမှာ ဒီလောက်နေပူ နေတာတောင် ရင်ပြင်တော်ပေါ်မှာ ခင်းထားတဲ့ စကျင်ကျောက်ပြားတွေ ကြောင့် အေးအေးဆေးဆေး လမ်း လျှောက်လို့ရတယ်။ ဖူးလို့ရတယ်။ ဘုရား ဖူးပို့ဆောင်ပေးတဲ့ အစိုးရဌာနအဖွဲ့တွေကို ကျေးဇူးတင်ပါတယ်။ အရင်တုန်းကတော့ တီဗီပေါ်မှာပဲ မြင်ရဖူးရတာပေါ့။ အခုတော့ စကျင်ကျောက်နဲ့ထုလုပ်ထားတဲ့ ဘုရား

ကြီးကို ကိုယ်တိုင်လည်း လက်တွေ့ ဖူးမြော်ရတယ်။ ဖူးမြော်ရာမှာလည်း ဘုရားကြီးက သပ္ပာယ်ကြည်ညိုဖို့ အလွန် ကောင်းပါတယ်။ အခုက မိသားစုမပါသေး ဘူးလေ။ တစ်ယောက်တည်းလာရတာဆို တော့မိသားစုနဲ့လည်းလာချင်ပါသေးတယ်။

ဆရာမကြီးက ပညာရေးဌာနက အငြိမ်းစား တစ်ယောက်ဖြစ်ပါတယ်။ မကွေးမြို့နယ်ကနေ လာရောက်ဖူးမြော် တာဖြစ်ပါတယ်။ ဒီကိုလည်း တစ်ခါမှ လာရောက် မဖူးမြော်ဖူးပါဘူး။ အခုလို အစိုးရ အစီအစဉ်နဲ့ လာရောက်ဖူးမြော်ခွင့် ရတဲ့အတွက် အလွန်ကိုဝမ်းသာဝိတိဖြစ်ပြီးတော့ ကျေးဇူးလည်းတင်ပါတယ်။ ဖူးမြော်ရတာလည်း အလွန်ကိုကြည်ညိုစရာကောင်းပါတယ်။ ဘုရားကြီးကိုမြင်တဲ့ အချိန်မှာ လာရတဲ့ခရီး ကိုယ့်ရဲ့ပင်ပန်းနေ

တဲ့ စိတ်တွေ အရာအားလုံးပျောက်ပြီး တော့ ကြည်နူးနေတဲ့ စိတ်အပြည့်နဲ့ ပျော်ပျော်ရွှင်ရွှင်ဖြစ်မိတာတော့ အမှန်ပါပဲ။ ဘုရားကြီးကို ယခုလိုဖူးမြော်နိုင်အောင် တည်ပေးတဲ့ ဘုရားဒကာကြီးကိုလည်း အလွန်ကိုပဲ ကျေးဇူးတင်ပါတယ်။ ခေတ်အဆက်ဆက်မှာလည်း နောင်လာ နောက်သားလေးတွေ အခုလို ကြည်နူးပြီး တော့ ပျော်ရွှင်နေမှာ သဒ္ဓါတရားဖြစ်ပေါ် နေမယ်ဆိုတာလည်း ဆရာမကြီးအနေနဲ့ ယုံကြည်မိပါတယ်။

သတင်းစဉ်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲကျင်းပ

မြိတ် ဖေဖော်ဝါရီ ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ် တက္ကသိုလ်တွင် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စကားပိုင်းဆွေးနွေးပွဲ နှင့် ဆုရရှိသူများအား ဆုများချီးမြှင့် ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းသန်းက အဖွင့်အမှာစကားနှင့် ပြည်ထောင်စုကြီးကိုတည် ဆောက်ကာကွယ်ရေးခေါင်းစဉ်ဖြင့် ပြောကြားကာ ဒုတိယပါမောက္ခချုပ် ဒေါက်တာနီးနီးလွင်က "ဓတ္တုကွဲပြားခြင်းသည် အလုတရားပြည်ထောင်စု တိုင်းရင်းသား" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက တောင်ပေါ် မြေပြန့်မခွဲခြား ပြည်ထောင်စုရဲ့ သွေးခြင်းများ ခေါင်းစဉ်ဖြင့် စကားပိုင်းဆွေးနွေးသည်။

ထို့နောက် တက္ကသိုလ်၌ ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပ ပြုလုပ်သည့် စာစီစာကုံး၊ ဆောင်းပါ၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်ပွဲများမှ ဆုများရရှိ ခဲ့ကြသည့် ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများကို တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး) များက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ ကြောင်း၊ ဆုများရရှိသည့် စာစီ စာကုံး၊ ဆောင်းပါ၊ ပန်းချီ၊ အင်္ဂလိပ် စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဝင်များ ကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှု အားပေးခဲ့ကြ ကြောင်း သိရသည်။

ကောင်းကောင်း(မြိတ်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၉

ဘဂ်လားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်ဧကောင်ပိုင်းနှင့် ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ကျန်ဘဂ်လားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းနိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဧလ

ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များကို အချိန်ကုန်သက်သာလွယ်ကူစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စေရန် ဖွင့်လှစ်ပေးသည့်ကုန်ထုတ်လမ်းကို အကျိုးရှိရှိအသုံးပြုပြီး ဖွံ့ဖြိုးရေးအတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဒဂ္ဂိုဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရွှေပြည်ကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားနှင့် တပ်ကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ဥတ္တရသီရိမြို့ဆက်လမ်းနှင့် ရှားတောကျေးရွာ ဆက်သွယ်သောကုန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနား၊ တပ်ကုန်းမြို့နယ် ငွေးပင်စဲပြကျေးရွာမှ သဝေါယမအသင်းသား တောင်သူများထံ မျိုး၊ သွင်းအားစုမြေဩများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာနေရာများ၌ကျင်းပပြုလုပ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးဦးဖြင့်မိုး၊ နေပြည်တော်ကောင်စီဝင်များ၊ အဖြေတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျေးရွာသူကျေးရွာသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကုန်ထုတ်လမ်းဖြင့်ဖြတ်ဖွင့်

ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ ဒဂ္ဂိုဏာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရွာကျေးကျေးရွာအုပ်စု ရွှေပြည်ကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဖြင့်စိုးနှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များကို အချိန်ကုန်သက်သာ လွယ်ကူစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စေရန် ကုန်ထုတ်လမ်းများဖောက်ပေးခြင်းနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပေးလိုက်သည့် ကုန်ထုတ်လမ်းကို ကျေးရွာသူ ကျေးရွာသားများက အကျိုးရှိရှိ အသုံးပြုပြီး တစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့ချင်း အဆင့်ဆင့် ဖွံ့ဖြိုးရေးအတွက် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ကုန်ကရစ်လမ်းသစ်ဖွင့်လှစ်

ထိုနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်ပေးလျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်လင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ဥတ္တရသီရိမြို့ဆက်လမ်းနှင့် ရှားတောကျေးရွာ ဆက်သွယ်သော ကုန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကုန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဥတ္တရသီရိမြို့ဆက်လမ်းနှင့် ရှားတောကျေးရွာ ဆက်သွယ်သော ကုန်ကရစ်လမ်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်၍ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာရှိ အိမ်ခြေ ၁၀၀၀၊ လူဦးရေ ၄၀၉၆ ဦးတို့ တိုက်ရိုက်အကျိုးခံစားရမည်ဖြစ်သည့်အပြင် စိုက်ဈေ ၄၂၀ ကိုပါ လွှမ်းခြုံအကျိုးပြုသည့်အတွက် ကျေးရွာနေပြည်သူများ၏လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမေမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထိုနောက် ပြည်ထောင်စုဝန်ကြီးသည် ရှားတောကျေးရွာတွင် ဆောင်ရွက်နေသည့် ချောင်းပိတ်ခြောင်းတိတ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မျိုးစပါးထောက်ပံ့

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ငွေးပင်စဲပြ ကျေးရွာ၌ကျင်းပသည့် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများ၊ ရေနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား တောင်သူများထံ မျိုးစပါးနှင့် သွင်းအားစုမြေဩများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး တောင်သူများလိုအပ်သည့် မျိုးစပါး၊ နှင့် သွင်းအားစု မြေဩများ ထောက်ပံ့ပေးအပ်ကြရာ သမဝါယမအသင်းသား တောင်သူများ ကိုယ်စား အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် စံပြကြေးပင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းမှ အသင်းသားတောင်သူများ ရွှေစပါးစိုက်ပျိုးနိုင်ရေး အတွက် ငွေကျပ် ၂၈၀ သိန်း တန်ဖိုးရှိ မျိုးစပါး၊ ပုလဲမြေသြ၊ ကွန်ဂေါ်ဆောက်မြေဩသွင်းအား စုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီအဆင့်ဆင့်က အောင်မြင်စွာကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လုပ်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖြင့်ကြိုင်သည် ဈာဝတီတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ရှိ ဈာရှေ့ဝါခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဈာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဝင်များ၊ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

အချိန်မီပြီးစီးအောင်မြင်ရေး

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနမှတာဝန်ယူချို့နိုင်အတွင်း နေထိုင်သူအားလုံး အား ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric)ကောက်ယူကာ e-ID Database အတွင်း သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်သတ်မှတ်ထုတ်ပေးလျက်ရှိရာ နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသား ကတ်ပြားအသစ် လျှောက်ထားသူများ၊ ပါ e-ID စနစ် ဖြင့် တစ်ပါတည်း Biographic/ Biometric ကောက်ယူခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကိုလည်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီအဆင့်ဆင့်က အောင်မြင်စွာကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်အားလုံးသည် မဲဈေးရုံ မှနိုက်နရေးနှင့် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင် မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အားလုံးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီး အောင်မြင်ရေး ပိုင်းနန်းကြိုးပမ်းဆောင်ရွက်ပေးကြ ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဈာဝတီတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူဆောင်ရွက်မှုနှင့် ဗဟိုကော်မတီသို့ သတ်မှတ်စာရင်းဇယားများ ပေးပို့ပြီးစီးမှု၊ ပန်းခင်း စီမံချက်အဆင့်(၃)အတွက် လျာထားချက်များ ပြည့်မီ ပြီးစီးရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခန့်မှန်း ကော်မတီများအလိုက် လုပ်ငန်းများ အောင်မြင်ရေး အတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူ

ယင်းနောက် တက်ရောက်လာကြသူများက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုနှင့် ပြည်လုံး ကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး ပြီး နိုင်ငံးချုပ်အမှာစကားပြောကြားကာ အခမ်းအနား ကို ရပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိမြို့တော်ခန်းမ၌ ပုသိမ်မြို့နယ် ဦးစီးမှူးရုံးဝန်ထမ်း များက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစီစစ်ရေး ကတ်ပြားဆောင်ရွက်ထုတ်ပေးခြင်း၊ e-ID စနစ် အတွက် Biographic/ Biometric ကောက်ယူခြင်း လုပ်ငန်းတို့ကို One Stop Service ဖြင့် ဆောင်ရွက် ပေးနေမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိရသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူ များကို လုပ်ငန်းဆိုင်ရာအဂက်အခဲများကို မေးမြန်း ဆွေးနွေးပြီး ရင်းရင်းနှီးနှီးနှစ်ဆက်အားပေးသည်။

နိုင်ငံသားကတ်ထုတ်ပေး

အဆိုပါအခမ်းအနားတွင် ပုသိမ်မြို့နယ်ရှိ ဒေသခံပြည်သူများအနက် နိုင်ငံသားကတ်ပြား ရရှိ သေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစီစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေး ပြီးနောက် e-ID စနစ်အတွက် ကိုယ်ရေးအချက် အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)များ ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါ တည်းဆောင်ရွက်ပေး၍ နိုင်ငံသားကတ်ရှိပြီးသူများ အား Biographic နှင့် Biometric များ ကောက်ယူကာ e-ID စနစ်အတွက် ဂဏန်း ၁၀ လုံး၊ ပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို တစ်နေရာတည်း တွင် တစ်ပါတည်းဆောင်ရွက်ပေးခြင်းဖြစ်ရာ နိုင်ငံသား ကတ်မရှိသေးသူ ၁၅၀ ကို နိုင်ငံသားကတ်ထုတ်ပေးခဲ့ ပြီး နိုင်ငံသားကတ်ရှိပြီးသူ ၁၀၂ဦးနှင့်အတူ စုစုပေါင်း ၂၅၂ ဦးကို e-ID စနစ်ဆောင်ရွက်ပေးပြီး Unique ID နံပါတ်များ ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

စိတ်ရင်းညီမှု ပြည်ထောင်စုကို ပြည်သူ့အိမ်အဖြစ် တည်ဆောက်ခဲ့

တက္ကသိုလ်မြတ်သူ

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည်ကား မြန်မာ့မြေပေါ် အတူဖွားပ၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ၊ အတူတကွ ဥမဂ္ဂဝဲသိုက်မဟုတ်နေထိုင်ကြသည့် တိုင်းရင်းသား ပြည်ဆွေပြည်မျိုး၊ သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး တည်းဟူသော မြန်မာအားလုံး တို့၏ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နေ့မြတ်မင်္ဂလာဖြစ်ပါသည်။

ဤဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် လွန်ခဲ့သော ၇၇ နှစ်ကာလ (၁၉၄၇ ခုနှစ်က) ရှမ်းပြည်နယ် ပင်လုပ်ဖြို့၌ ကျင်းပသော ပင်လုပ်ညီလာခံကြီးတွင် မြန်မာ့မြေပေါ် အတူဖွားတိုင်းရင်းသားများက နယ်ချဲ့တို့လက်အောက်မှ အတူတကွ လွတ်လပ်ရေး ယူကြမည်ဟု နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးစိတ်ဓာတ်/ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ်ကိုယိမ်စီဖြင့် ဆုံးဖြတ်ကြကာ ပင်လုပ် စာချုပ်ကြီး၌ လက်မှတ်ရေးထိုးခဲ့ကြသောနေ့/ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော မြန်မာနိုင်ငံကို ပြည်ထောင်စုကြီးအဖြစ်တည်ဆောက် နိုင်ခဲ့သည့် နေ့ထူးနေ့မြတ်ပင်ဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ် တိုင်းရင်းသား မြန်မာအားလုံး၏ ရင်တွင်း၌ ကိန်းအောင်းခဲ့သည်မှာ ၇၇ နှစ် ရှည်ကြာခဲ့

ဤသို့ဖြင့် အချုပ်အခြာအာဏာပိုင် ကိုယ့်မင်း ကိုယ်ခွဲချင်း၊ ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာဖန်တီး နိုင်သည့် / တိုင်းရင်းသားပြည်သူ့အားလုံး သွေးစည်း ညီညွတ်မှုများဖြင့် တည်ဆောက်သည့် ပြည်ထောင်စု သမ္မတပြန်လမ်းနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့ကြမေ သည်။ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ အရေးကြီးလျှင် သွေးနီး အရေးကြီးလျှင် သွေးစည်း၊ မိမိတို့ပြည်ထောင်စုကြီး ကို အလေးအမြတ်တန်ဖိုးထား မြတ်နိုးချစ်ခင် တွယ်တာပြီး ပြည်ထောင်စုကြီး လုံးပါ၊ကွဲမခံသော စိတ်ဓာတ်တို့ကို လွမ်းမြို့၍ ပြည်ထောင်စုစိတ်ဓာတ် ပွားများ စည်ပင်ခိုင်မာခဲ့သည်။ ပင်လုပ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကြီး ခိုင်ခိုင်မာမာပေါ်ထွန်း ခဲ့ပြီး ပြည်ထောင်စုဖွား သွေးချင်းသားချင်း၊ သွေးရင်း သားချင်း တိုင်းရင်းသားမြန်မာအားလုံး၏ ရင်တွင်း၌ ကိန်းအောင်းခဲ့သည်မှာလည်း ၇၇ နှစ် ရှည်ကြာခဲ့ ပေပြီ။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းယူ စဉ်က အလောင်းဘုရားဦးအောင်ဧေယျ စုစည်းပေး ခဲ့သော တတိယမြန်မာနိုင်ငံတော် နယ်နိမိတ် အားလုံးသိမ်းပိုက်ခဲ့ပြီး မလွယ်သာလှန်း၍ လွတ်လပ် ရေး ပြန်ပေးရမည့်အချိန်တွင် နိုင်ငံကို ခုတ်စစ်၊ ပိုင်းစိတ်ပြီး ဈရာဝတီမြစ်ဝှမ်း မြေပြန့်တစ်လျှောက် (ယနေ့တိုင်းဒေသကြီး ခုနှစ်ခု)ကိုသာ ကွက်ပြီး လွတ်လပ်ရေးပေးကာ တောင်ပေါ်ဒေသ (တိုင်းရင်းသားစုံ ဒေသ)များကို ချန်လှပ်ခဲ့ပြီး အင်္ဂလိပ် တို့က ဆက်လက်အုပ်ချုပ်မည်ဟု အကွက်ချလုပ် လာခဲ့သည်။ ထိုကိစ္စကို လွတ်လပ်ရေးကြိုးပမ်းနေ သော ဗိုလ်ချုပ်အောင်ဆန်း စသည့်မြန်မာ ခေါင်းဆောင်များမသိရန် လျှို့ဝှက်ကြစည်ခဲ့သည်။ တောင်တန်းဒေသ တိုင်းရင်းသားများကို အုပ်ချုပ် နေသော အင်္ဂလိပ်အုပ်ချုပ်ရေးအဖွဲ့များကိုမူ အင်္ဂလိပ်ဘုရင်ခံက ထိုကိစ္စကို လျှို့ဝှက်ညွှန်ကြား ခဲ့သည်။

သို့ဖြစ်၍ ပင်လုပ်ညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်း

> ❖ **အချုပ်အခြာအာဏာရပ်တွင် ခက်မသုံးဖြာပါဝင်သော (၁) နိုင်ငံနှင့် လူမျိုး၊ ပြည်သူ အားလုံးအတွက် အကောင်းဆုံး�ဥပဒေများ လွတ်လပ်စွာပြဋ္ဌာန်းခွင့်၊ (၂) မိမိတို့နိုင်ငံ ငြိမ်းချမ်း၊ တည်ငြိမ်သာယာဝပြောရေးအတွက် မိမိတို့ (ကိုယ်စားလှယ်များ)ကိုယ်တိုင် နိုင်ငံကို စီမံအုပ်ချုပ်ခွင့်၊ (၃) နိုင်ငံအကျိုးပြု ဥပဒေများကိုသော်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ဆန့်ကျင်ချိုးဖောက်သူများကို ဥပဒေနှင့် အညီ အရေးယူစစ်ဆေး၍ အပြစ်ရှိသူများကို မှတ်သားလောက်၊ နောင်ဆင်ခြင်ဟန့်တားနိုင်လောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်သည့် တရားစီရင်ရေးအာဏာများကို ပေါင်းရုံးထားခြင်းဖြစ်**

တက်ရောက်ပြီး လွတ်လပ်ရေးရယူရာတွင် တိုင်းရင်းသားအားလုံးပါဝင်ရန် ကြိုးပမ်းခဲ့ကေ သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံများတွင် ကရင်ဝတ်စုံ၊ ကချင်ဝတ်စုံ စသည့်တိုင်းရင်းသား ဝတ်စုံများဖြင့် ရိုက်ကြသောဓာတ်ပုံများမှာ လွတ်လပ်ရေး ရယူရာတွင် တိုင်းရင်းသားအားလုံး ပါဝင်ရယူလိုစိတ် ရှိ၊ မရှိ သွားရောက်စနည်းနာလေ့ရှိ၏။ စည်းရုံးရုံး ရိုက်ခဲ့ သော ပုံများဖြစ်သည်။ ပင်လုပ်သီလာခံအကြိုညစာ စားပွဲတွင် ဗိုလ်ချုပ်က "ယနေ့မိမိ ပင်လုပ်သို့လာခဲ့ခြင်း မှာ ၁၉၄၇ ခုနှစ်ကုန် (၁၉၄၈ ခုနှစ်ဆန်း)တွင် မိမိတို့ လွတ်လပ်ရေးယူတောမှာပြဿနာ ရှိခဲ့ခြင်း၊ တိုင်းရင်းသား များက လွတ်လပ်ရေးကို မိမိတို့နှင့်အတူ ယူလိုသည်၊ မယူလိုသည် သဘောကို သိလိုရှိ လာရောက်ခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းသားများက လွတ်လပ်ရေး မယူလိုလျှင်လည်း မယှဉ်နေစေပြီး ယူလိုလျှင် လည်း အတူတူယူရန်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မိမိတို့နှင့်အတူ လွတ်လပ်ရေး အတူယူရမည်ဟု အတင်းအကျပ်မပြောလိုသကဲ့သို့ လွတ်လပ်ရေး ယူလိုခြင်းကို မယူနဲ့ဟု တားရန်မဟုတ်၊ တိုင်းရင်းသား များ ပင်ကိုစိတ်သဘောထားဆန္ဒအရ ဆုံးဖြတ်သည် ကိုကြားလိုပါကြောင်း၊ လွတ်လပ်ရေးအတွေးမည်ဟု ဆုံးဖြတ်လျှင် တိုင်းရင်းသားလူမျိုးများအတွက် အခွင့်အရေးများ ရရှိရန်၊ အကာအကွယ် ပေးသင့် သည်ကို ပေးရန်အတွက် ဥပဒေများပြုထားလို ကြောင်း၊ လွတ်လပ်ရေးကို ယခု မယူကြသေး၊ နောင်မှ ယူမည်ဆိုလျှင်လည်း သဘောအတိုင်းပင် ဖြစ်ကြောင်း၊ မိမိတို့လွတ်လပ်ရေးရေအောင် နှစ်ပေါင်း ၅၀ ကျော် ၆၀ ကြိုးစားခဲ့ရကြောင်း၊ နောင်မှ လွတ်လပ်ရေးယူကြမည်ဆိုလျှင် ပည်မျှကြာအောင် ကြိုးပမ်းကြရမည်ကို တွက်ဆကြည့်ကြစေလို ကြောင်း" ပြောကြားသည်။

ပင်လုံစာချုပ်ကြီးဖြင့် လွတ်လပ်သော ပြည်ထောင်စုကြီး ပေါ်ထွန်းစေခဲ့

ပင်လုံညီလာခံတွင် အင်္ဂလိပ်အရာရှိကြီးများက ဗိုလ်ချုပ်တို့နှင့် လွတ်လပ်ရေးအတူယူလျှင် မွဲကြ၊ ငတ်ကြမည်၊ ဗိုလ်ချုပ်တို့တွင် ပိုက်ဆံမရှိ၊ အင်္ဂလိပ် တို့နှင့် ဆက်ရေးပြီး ဒိုမီနီယံ လွတ်လပ်ရေးယူထား နှင့်ပါ။ ယခုပင်လျှင် စော်ဘွားတိုင်းအား ငွေသိန်း သန်း၂၅ကျော်ကိုပဲထားမည်၊ နောင်လွတ်လပ်ရေးယူ လျှင် မိမိတို့သီးခြားလွတ်လပ်သော နိုင်ငံများအတွက် ပြည်မနှင့် ဆက်သွယ်ရန် ရထားလမ်း၊ လေကြောင်း လိုင်းများဖောက်ပေးမည်ဟု သွေးဆောင်ရာ စော်ဘွားအချို့ တွေ့ဝေသွားခဲ့သည်။ ညီလာခံတက် သော ရှမ်းပြည်သူ့ကိုယ်စားလှယ်များ အမြော်အမြင် ကြီးမားသော စော်ဘွားကြီး စဝ်ခွန်ပန်းစိန်၊ စစ်ဆေးထွန်းတို့က ညီလာခံတွင် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့၍ သာ ၁၂-၂-၁၉၄၇ ရက်နေ့ ပင်လုံစာချုပ်ကြီး၌ အားလုံး လက်မှတ်ရေးထိုးဖြစ်ခဲ့ခြင်း ဖြစ်သည်။ ရှမ်းပြည်သူ သိနိုးသောင်းချီ၍ ပင်လုံညီလာခံရှိရာ ချီတက်ပြီး ကြွေးကြော်ဆန္ဒပြသံများကလည်း ပင်လုံညီလာခံအား လူထုအားဖြင့် တိုက်တွန်းသလို ဖြစ်ခဲ့သည်။ ထို့ကြောင့် ပင်လုံညီလာခံ၊ ပင်လုံ စိတ်ဓာတ်၊ ပင်လုံစာချုပ်ကြီးဖြင့် လွတ်လပ်သော ပြည်ထောင်စုကြီး ပေါ်ထွန်းစေခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးဟူသည် မြန်မာတို့မူလကပင် ပိုင်ဆိုင်ထားသော၊ မွေးရာပါ ပိုင်ခွင့်ဆိုင်ခွင့်ရှိသော မိမိတို့ ကံကြမ္မာ မိမိတို့ကိုယ်တိုင် အကောင်းဆုံး ဖန်တီးခွင့် (The Right of Self determination)၊ မြန်မာပိုင် အချုပ်အခြာအာဏာရပ်ကြီးကို နယ်ချဲ့ တို့လက်မှ မြန်မာတို့က ပြန်လည်ရယူခြင်းဖြစ်ပါ သည်။ အချုပ်အခြာအာဏာရပ်ကြီးဟူသည် အတိုင်း အဆမရှိ ကြီးမားကျယ်ပြန့်သော တန်ခိုးအာဏာ ရပ်ကြီး ဖြစ်လေသည်။

အချုပ်အခြာအာဏာရပ်တွင် ခက်မသုံးဖြာပါဝင် သော(၁) နိုင်ငံနှင့် လူမျိုး၊ ပြည်သူအားလုံးအတွက် အကောင်းဆုံး�ဥပဒေများ လွတ်လပ်စွာပြဋ္ဌာန်းခွင့်၊ (၂) မိမိတို့နိုင်ငံ ငြိမ်းချမ်း၊ တည်ငြိမ် သာယာဝပြောရေးအတွက် မိမိတို့(ကိုယ်စားလှယ်များ) ကိုယ်တိုင်နိုင်ငံကို စီမံအုပ်ချုပ်ခွင့်၊ (၃) နိုင်ငံ အကျိုးပြု ဥပဒေများကိုသော်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ဆန့်ကျင် ချိုးဖောက်သူများကို ဥပဒေနှင့်အညီ အရေးယူ စစ်ဆေး၍ အပြစ်ရှိသူများကို မှတ်သားလောက်၊ နောင် ဆင်ခြင်ဟန့်တားနိုင်လောက်သော ပြစ်ဒဏ် များချမှတ်နိုင်သည့် တရားစီရင်ရေးအာဏာများကို ပေါင်းရုံးထားခြင်းဖြစ်သည်။

အချုပ်အခြာအာဏာ ဟုံ့နှံ့တည်ရာမြေ

အချုပ်အခြာအာဏာသည် နိုင်ငံသားပြည်သူ များထံမှ ဆင်းသက်၍ နိုင်ငံပိုင်နက်နယ်မြေ ဟုံ့နှံ့ တည်ရှိနေရမည်။ ထို့ကြောင့် လွတ်လပ်ရေးရသည် နှင့် တရားဝင်နိုင်ငံသားအားလုံးသည် အထက်ပါ အချုပ်အခြာအာဏာရပ်ကြီးကို ပိုင်ဆိုင်ကြရပေ သည်။ လွတ်လပ်သောနိုင်ငံပိုင်နက် နယ်မြေတစ်ခွင် လုံးသည် ပြည်သူတို့မှ ဆင်းသက်သော အချုပ်အခြာ အာဏာ ဟုံ့နှံ့တည်ရာမြေဖြစ်သည်။

လွတ်လပ်ရေးအချိန်မီရယူရန် လွတ်လပ်သော နိုင်ငံတော်တွင် အချုပ်အခြာအာဏာရပ်ကြီးကို မည်သို့၊ မည်မျှ၊ မည်သူ၊ မည်ဝါ၊ မည်သည့်အစုအဖွဲ့ များက ဘယ်ပုံ၊ ဘယ်နည်း ကျင့်သုံးရမည်၊ ထိုသို့ မပြုလုပ်ရ ဤသို့သာ ပြုလုပ်ကျင့်သုံးရမည်၊ နိုင်ငံသား တို့၏ မူလအခွင့်အရေးနှင့် တာဝန်ဟူသည် မည်သည် တို့ဖြစ်သည် စသည့် စည်းမျဉ်း၊ စည်းကမ်းများကို အခိုင်မာဆုံး အမြင့်ဆုံးၥပဒေအဖြစ် ပြဋ္ဌာန်းရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံၥပဒေကို ပြည်သူတို့ဆန္ဒ သဘောထားနှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်း ထားရမြဖြစ်ပေသည်။

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဖွဲ့စည်းဥပဒေကို အခြေခံၥပဒေကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ၥပဒေ ရေးဆွဲရေးအဖွဲ့ဝင် ၁၁ ဦးပါအဖွဲ့ကို တိုင်းပြည်ပြု လွတ်တော်က အတည်ပြုပေးခဲ့သည်။ ပြည်နယ် ရေးရာ အခြေခံၥပဒေအဖွဲ့ငယ်တွင် ညောင်ရွှေ စော်ဘွားကြီး စဝ်ရွှေသိုက် ဦးဆောင်သော စော်ဘွား များက လွတ်လပ်ရေးရပြီးလျှင် တိုင်းရင်းသား ပြည်နယ်များ ပြည်ထောင်စုမှ ခွဲထွက်နိုင်သည်ဆို သော အခြေခံမူ (၃၆)မျှားပါရမည်။ မပါရှိလျှင် မိမိတို့စော်ဘွားများ အခြေခံ ၥပဒေရေးဆွဲရေးတွင် လုံးဝမပါနိုင်တော့ပါဟု ၁၆-၇-၁၉၄၇ ရက်နေ့ အစည်းအဝေးတွင် တင်ပြအကျုံ၀ကိုင်ကာ အစည်း အဝေးမှတ်တမ်းတွင် ရေးမှတ်စေခဲ့ကြသည်။

၁၇-၇-၁၉၄၇ ရက်နေ့တွင် ၎င်းအဖွဲ့ငယ်မှ မှတ်တမ်းတင်ရေးသားသူ ဥပဒေပညာရှင် ဦးမြင့်သိန်း(နောင် တရားရေးဝန်ကြီး)အား ဗိုလ်ချုပ် အောင်ဆန်းက တွေ့ဆုံကာ ၂၀-၇-၁၉၄၇ ရက်နေ့ အစည်းအဝေးတွင် ၁၆-၇-၁၉၄၇ ရက်နေ့ အစည်း အဝေးမှတ်တမ်းကို အတည်ပြုကြတော့မည်၊ ထိုသို့ အတည်ပြုရာ၌ "ခွဲထွက်ခွင့်"နှင့် ပတ်သက်သော မှတ်တမ်းအားလုံးကို ဖယ်ထုတ်(ဃယ်ဖျက်)ပြီးမှ အတည်ပြုရန် မိမိမှကြောင်း ပြောပြပါဟု မှာသည်။ ၁၉-၇-၁၉၄၇ ရက်နေ့တွင် ဗိုလ်ချုပ်တို့ လုပ်ကြံ ခံရသည်။ ၂၀-၇-၁၉၄۷ ရက်နေ့အစည်းအဝေးတွင် ဦးမြင့်သိန်းက ဗိုလ်ချုပ်မှာသည့်အတိုင်း အစည်း အဝေးမှတ်တမ်းမှ ခွဲထွက်ခွင့်ပြုသည် ဆိုသော စာပိုဒ်ကိုဖျက်ပြီး အတည်ပြုရန် ဗိုလ်ချုပ်က မှာကြောင်း တင်ပြရာ စဝ်ရွှေသိုက်က ဗိုလ်ချုပ် မသေခင်ကတောင် မကန့်ကွက်ဘဲ၊ ဗိုလ်ချုပ်သေမှ ခင်ဗျားကြီးက ဖျက်ခိုင်းဝေနေနဲ့ မရဘူးဟု ပြောကာ အတင်းအတည်ပြုခဲ့သောကြောင့် ၁၉၄၇ ခုနှစ် အခြေခံၥပဒေပုဒ်မ ၂၀၀၊ ၂၀၁၂၀၂၂၂၀၄၂၀၅၊ ၂၀၆ တို့တွင် ခွဲထွက်ခွင့်ပေးကြောင်း ပုဒ်မများ ပါသွားခဲ့သည်။

> **❝ လွတ်လပ်ရေးအချိန်မီရယူရန် လွတ်လပ်သော နိုင်ငံတော်တွင် အချုပ်အခြာအာဏာရပ်ကြီးကို မည်သို့၊ မည်မျှ၊ မည်သူ၊ မည်ဝါ၊ မည်သည့်အစုအဖွဲ့များက ဘယ်ပုံ၊ ဘယ်နည်း ကျင့်သုံးရမည်၊ ထိုသို့ မပြုလုပ်ရ၊ ဤသို့သာ ပြုလုပ်ကျင့်သုံးရမည်၊ နိုင်ငံသား တို့၏ မူလအခွင့်အရေးနှင့် တာဝန်ဟူသည် မည်သည် တို့ဖြစ်သည် စသည့် စည်းမျဉ်း၊ စည်းကမ်းများကို အခိုင်မာဆုံး အမြင့်ဆုံးၥပဒေအဖြစ် ပြဋ္ဌာန်းရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံၥပဒေကို ပြည်သူတို့ဆန္ဒသဘောထားနှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းထားရမြဖြစ်❞**

မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း(၆၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်–

စဉ်	မြန်မာစံချိန်စံညွှန်းများ
၁။	MMS ASTM C151/C151M–18 ရေဖြင့် မဂျေကျနိုင်သည့် ဘိလပ်မြေ၏ ပေါင်းတင်အိုးအတွင်း ဆန့်ထွက်ပြန့်ကားမှု အတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်း
၂။	MMS ASTM D113–17 ကတ္တရာဆက်စပ်ပစ္စည်းများ၏ ဆွဲဆန့်ခံနိုင်စည်အတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်း
၃။	MMS ASTM D2042 – 15 Trichloroethylene တွင် ကတ္တရာဆက်စပ်ပစ္စည်းများ၏ ပျော်ဝင်နိုင်စွမ်းအတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်း
၄။	MMS JIS G 0404 : 2014 သံမဏိနှင့် သံမဏိထုတ်ကုန်ပစ္စည်းများ–အထွေထွေနည်းပညာဆိုင်ရာ ထုတ်ပေးရမည့် လိုအပ်ချက်များ
၅။	MMS JIS G 0416: 2014 သံမဏိနှင့် သံမဏိထုတ်ကုန်ပစ္စည်းများ – စမ်းသပ်နမူနာ ထုတ်ယူရမည့်နေရာနှင့် နမူနာပစ္စည်းပြင်ဆင်ခြင်းနှင့် စက်မှုဂုဏ်သတ္တိများကို စစ်ဆေးရန် စမ်းသပ်နမူနာပစ္စည်းများ
၆။	MMS JIS G 1253: 2002 သံနှင့်သံမဏိ– spark discharge atomic emission spectrometric analysis ပြုလုပ်သည့်နည်းလမ်း
၇။	MMS JIS Z 2241 : 2011 သတ္တုဒြပ်ပစ္စည်းများ–အခန်းအပူချိန် ၌ တိုင်းတာစစ်ဆေးသည့် ဆန့်အားတိုင်းတာစစ်ဆေးခြင်းနည်းလမ်း
၈။	MMS JIS Z 2244: 2009 ဗစ်ကာအမာသတ္တိ တိုင်းတာစစ်ဆေးခြင်း–တိုင်းတာစစ်ဆေးသည့်နည်းလမ်း
၉။	MMS JIS Z 2245: 2016 ရော့ဝဲလ်အမာသတ္တိ တိုင်းတာစစ်ဆေးခြင်း–တိုင်းတာစစ်ဆေးသည့်နည်းလမ်း
၁၀။	MMS JIS A 5523:2012 ဂေဟာဆော်နိုင်သည့် အပူလိုမ့် သံမဏိပြား မြေထိန်းနံရံကာ
၁၁။	MMS JIS A 5528:2012 အပူလိုမ့်သံမဏိပြား မြေထိန်းနံရံကာ
၁၂။	MMS ISO 10004:2018 အရည်အသွေးစီမံခန့်ခွဲမှု – စားသုံးသူကျေနပ်မှု – စောင့်ကြည့်လေ့လာခြင်းနှင့် တိုင်းတာခြင်းလမ်းညွှန်မှုများ
၁၃။	MMS ISO 10005:2018 အရည်အသွေးစီမံခန့်ခွဲမှု–အရည်အသွေးစီမံချက် လမ်းညွှန်မှုများ
၁၄။	MMS IEC 60332–1–1:2004+AMD1:2015 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများကို မီးလောင်သော အခြေအနေအောက်တွင် စမ်းသပ်ခြင်းများ – အပိုင်း ၁–၁ – လျှပ်ကာတစ်ထပ်ပါပိုင်ယာကြိုး သို့မဟုတ် ကေဘယ်လ်အတွက် ဒေါင်လိုက် မီးတောက်ဖျံ့နှုန်းကို စမ်းသပ်ခြင်း – ကိရိယာများ
၁၅။	MMS IEC 60332–1–2:2004+AMD1:2015 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများကို မီးလောင်သော အခြေအနေအောက်တွင် စမ်းသပ်ခြင်းများ – အပိုင်း ၁–၂ – လျှပ်ကာတစ်ထပ်ပါပိုင်ယာကြိုး သို့မဟုတ် ကေဘယ်လ်အတွက် ဒေါင်လိုက်မီးတောက်ဖျံ့နှုန်းကို စမ်းသပ်ခြင်း– မီးတောက်နေသော အမှုန်အမွှားများ စီစစ်သတ်မှတ်ခြင်းအတွက် လုပ်ငန်းစဉ်
၁၆။	MMS IEC 60332–1–3:2004+AMD1:2015 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများကို မီးလောင်သော အခြေ အနေအောက်တွင် စမ်းသပ်ခြင်းများ – အပိုင်း ၁–၃– လျှပ်ကာတစ်ထပ်ပါပိုင်ယာကြိုး သို့မဟုတ် ကေဘယ်လ်အတွက် ဒေါင်လိုက်မီးတောက်ဖျံ့နှုန်းကို စမ်းသပ်ခြင်း– မီးတောက်နေသော အမှုန်အမွှားများ စီစစ်သတ်မှတ်ခြင်းအတွက် လုပ်ငန်းစဉ်
၁၇။	MMS IEC 60811–100:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၁၀၀ – အထွေထွေ
၁၈။	MMS IEC 60811–201:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၂၀၁ – အထွေထွေစမ်းသပ်မှုများ – လျှပ်ကာအထူ တိုင်းတာခြင်း
၁၉။	MMS IEC 60811–202:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၂၀၂ – အထွေထွေ စမ်းသပ်မှုများ – သတ္တုမဟုတ်သော ကေဘယ်လ်အကာ၏ အထူကို တိုင်းတာခြင်း
၂၀။	MMS IEC 60811–203:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ– သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၂၀၃ – အထွေထွေစမ်းသပ်မှုများ– ယေဘုယျအတိုင်းအတာများ တိုင်းတာခြင်း
၂၁။	MMS IEC 60811–401:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၁ – အထွေထွေ– အမျိုးမျိုးသောစမ်းသပ်မှုများ – အပူရှိန်ဖြင့် ယိုယွင်းပျက်စီးသောနည်းလမ်းများ – အလုပ်ပြတ်လေမီးဖိုထဲတွင် အပူရှိန်ဖြင့် ယိုယွင်းပျက်စီးခြင်းကို စမ်းသပ်မှု
၂၂။	MMS IEC 60811–403:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၃ – အမျိုးမျိုးသော စမ်းသပ်မှုများ–ပေါင်းစပ်ထားသော ဒြပ်ပေါင်းများတွင် အိုဇုန်းခုခံမှု စမ်းသပ်ခြင်း
၂၃။	MMS IEC 60811–404:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၄ – အမျိုးမျိုးသော စမ်းသပ်မှုများ–ကေဘယ်လ်အကာများအတွက် ဓာတ်သတ္တုဆီ နှစ်မြှုပ်၍ စမ်းသပ်ခြင်းများ
၂၄။	MMS IEC 60811–405:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၅ – အမျိုးမျိုးသော စမ်းသပ်မှုများ – ပိုလီဗွိနိုင်းကလိုရိုဒဲလ် လျှပ်ကာများနှင့် ပိုလီဗွိနိုင်း ကလိုရိုဒဲလ် ကေဘယ်လ်အကာများအတွက် အပူရှိန်ဖြင့် တည်မြဲမှု စမ်းသပ်ခြင်း
၂၅။	MMS IEC 60811–409:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၉ – အမျိုးမျိုးသော စမ်းသပ်မှုများ–သာမိုဝယ်တစတစ် လျှပ်ကာများနှင့် ကေဘယ်လ်အကာများအတွက် ဒြပ်ထုလျော့နည်းမှု စမ်းသပ်ခြင်း
၂၆။	MMS IEC 60811–412:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၁၂ – အမျိုးမျိုးသော စမ်းသပ်မှုများ– အပူရှိန်ဖြင့် ယိုယွင်းပျက်စီးခြင်းကို စမ်းသပ်နည်းများ – လေဗုံး (air bomb) ထဲတွင် ယိုယွင်းပျက်စီးခြင်းကို စမ်းသပ်မှု
၂၇။	MMS IEC 60811–501:2012+AMD1:2018 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၁ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ – လျှပ်ကာနှင့် ကေဘယ်လ် အကာ ဒြပ်ပေါင်းများ၏ စက်မှုပိုင်းဆိုင်ရာဂုဏ်သတ္တိများကို စီစစ်သတ်မှတ်မှု စမ်းသပ်ခြင်းများ
၂၈။	MMS IEC 60811–504:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၄ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ – နိမ့်သောအပူချိန်တွင် လျှပ်ကာနှင့် ကေဘယ်လ် အကာများအတွက် ကွေးညွှတ်မှုစမ်းသပ်ခြင်းများ
၂၉။	MMS IEC 60811–505:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၅ – စက်မှုပိုင်းဆိုင်ရာ စစ်ဆေးခြင်းများ – နိမ့်သောအပူချိန်တွင် လျှပ်ကာများနှင့် ကေဘယ်လ် အကာများအတွက် ဆန့်ထွက်ခြင်းကို စမ်းသပ်မှု
၃၀။	MMS IEC 60811–506:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၆ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ – နိမ့်သောအပူချိန်တွင် လျှပ်ကာများနှင့် ကေဘယ်လ် အကာများအတွက် အားသက်ရောက်မှုကို စမ်းသပ်ခြင်း
၃၁။	MMS IEC 60811–507:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၇ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ– ပေါင်းစပ်ပစ္စည်းများအတွက် အူပေးစမ်းသပ်ခြင်း
၃၂။	MMS IEC 60811–508:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၈ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ – လျှပ်ကာနှင့် ကေဘယ်လ်အကာများအတွက် မြင့်မားသောအပူချိန်ပွတ် ဖိအားစမ်းသပ်ခြင်း
၃၃။	MMS IEC 60811–509:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သော ပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၉ –စက်မှုပိုင်းဆိုင်ရာစမ်းသပ်မှုများ – လျှပ်ကာများနှင့် ကေဘယ်လ်အကာများ၏ ကွဲအက်ခြင်း ခုခံနိုင်မှုစမ်းသပ်ခြင်း (အပူဒဏ်ခံနိုင်မှု စမ်းသပ်ခြင်း)
၃၄။	MMS IEC 62440:2008 သတ်မှတ်ထားသော ဖိအား ၄၅၀/၇၅၀ ဗိုလ်ထက်ပိုသော လျှပ်စစ်ကေဘယ်လ်ကြိုးများ – အသုံးပြုရန် လမ်းညွှန်
၃၅။	MMS UNECE Regulation 112:2013 – Filament Lamp နှင့်/ သို့မဟုတ် LED မီးလုံးများကို တပ်ဆင်အသုံးပြုထားသော မော်တော်ယာဉ်ရှေ့မီးကြိုးမှ အလင်းရောင်ဖြာထွက်မှုအချိုးညီခြင်းနှင့် စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းနံပါတ် – ၁၁၂
၃၆။	MMS UNECE Regulation 113:2023–Filamentı Gas Discharge Light (သို့မဟုတ်) LED မီးလုံးများကို တပ်ဆင်အသုံးပြုထားသော မော်တော်ယာဉ်ရှေ့မီးကြိုးမှ အလင်းရောင်ဖြာထွက်မှုအချိုးညီခြင်းနှင့် စပ်လျဉ်းသည့် တစ်ပြေးညီ ပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းနံပါတ် – ၁၁၃
၃၇။	MMS 34:2024 မန်ကျည်းသီးမှည့်စံချိန်စံညွှန်း
၃၈။	MMS 35 : 2024 မြန်မာ့ရေလှေတာစံအရည်အသွေး သတ်မှတ်ချက်
၃၉။	MMS 36 :2024 Azadirachta indica A. Juss တမာ
၄၀။	MMS 37:2024 Moringa oleifera Lam. ဒန့်သလွန်
၄၁။	MMS 38:2024 Tamarindus indica L. မန်ကျည်း
၄၂။	MMS 39:2024 Terminalia bellirica (Gaertn.) Roxb. သစ်ဆိမ့်
၄၃။	MMS 40:2024 Terminalia chebula Retz. ဖန်ခါး
၄၄။	MMS 41:2024 Mimusops elengi L. ခရေ
၄၅။	MMS 42:2024 Mesua ferrea L. ကုံကော်
၄၆။	MMS 10: 2020/ Amd 1:2024 Acorus calamus L. လင်းနေ
၄၇။	MMS 43:2024 မြန်မာ့ဆန်မှုန့်စံချိန်စံညွှန်း
၄၈။	MMS 44:2024 အမျိုးသား မြေပေါ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်း
၄၉။	MMS ISO/IEC Guide 68:2002 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းရလဒ်များကို အသိအမှတ်ပြုခြင်း (recognition) နှင့် လက်ခံခြင်း (acceptance) အတွက် အစီအစဉ်များ
၅၀။	MMS ISO/IEC 27006:2015 သတင်းအချက်အလက်နည်းပညာ – လုံခြုံရေးနည်းစနစ်များ – သတင်းအချက်အလက် လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ – ပြင်ဆင်ချက် ၁
၅၁။	MMS IEC 27006:2015, Amd 1:2020 သတင်းအချက်အလက်နည်းပညာ – လုံခြုံရေးနည်းစနစ်များ – သတင်းအချက်အလက် လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ – ပြင်ဆင်ချက် ၁
၅၂။	MMS ISO 50003:2021 စွမ်းအင်စီမံခန့်ခွဲမှုစနစ်များ – စွမ်းအင်စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ
၅၃။	MMS ISO 22003–1:2022 အစားအသောက်ဘေးကင်းရေး – အပိုင်း ၁ – အစားအသောက်ဘေးကင်းရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ

စာမျက်နှာ ၁၂ သို့

အရန်သားဖွားဆရာမများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ဘားအံ ဖေဖော်ဝါရီ ၉

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမူးဖွင့်လှစ်သော အရန်သားဖွား ခြောက်လသင်တန်း အမှတ်စဉ် (၁/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ဘားအံမြို့နယ် တရုတ်လှစ်ပြကျေးရွာ တရုတ်လှ တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ကျန်းမာရေးစောင့်ရှောက်မှုအနည်းငယ်သာရှိပြီး လက်လှမ်းမမီသည့် ကျေးလက်တောရွာများတွင် ပဏာမကျန်းမာရေးလုပ်ငန်းများ၊ အခြေခံကျန်းမာရေးလုပ်ငန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပြီး အရန်သားဖွားဆရာမများ အနေဖြင့် ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ မီးဖွားပြီး ပြုစုစောင့်ရှောက်ခြင်း၊ ကိုယ်ဝန်ဆောင် မိခင်နှင့် မွေးကင်းစကလေးတို့၏ အန္တရာယ်လက္ခဏာများကို အဓိကထား သင်ကြားရမည်ဖြစ်ကြောင်း၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် လူနာလွဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းများ စသည့် ကျန်းမာရေးလုပ်ငန်းများကို တတ်မြောက်သည်အထိ သေချာစွာ လေ့လာသင်ယူရမည်ဖြစ်ကြောင်း၊ သေသေချာချာ လုံ့လစိုက်ထုတ်၍ သင်ခန်းစာများကို ကျေညက်စွာ လေ့လာကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ အတွက် ကုန်ကျစရိတ် ခြောက်လစာ ၄လျှောပ် ၂၇၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး ကရင်ပြည်နယ်အတွင်းရှိ လှိုင်းဘွဲ့၊ မြဝတီ၊ ကမမောင်း ခြောက်လသင်တန်းများ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

စာမျက်နှာ ၁၀ မှ

ထိုကိမ္ဘာ့ကိုတပ်မတော်အစိုးရ(နေပတ) လက်ထက် ဝိုလ်ချုပ်မှူးကြီးစောမောင်က မိမိတို့တွင် သက်သေခံမှတ်တမ်းများရရှိလေပြီဖြစ်ကြောင်း၊ စစ်ရွေ့သိုက် တို့က ဇွတ်အတင်းအမေ ခွဲထွက်ခွင့် ပုဒ်မမများပါအောင် ထည့်သွင်းစေခြင်းသည်ဖြစ်ကြောင်း မိန့်ခွန်း တစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်သည် နယ်ချဲ့နိုင်ငံများအုပ်စုကို ဦးဆောင်ကာ အရင်းရှင်(နယ်ချဲ့) နိုင်ငံများ၀ါဒကို ဆန့်ကျင်နေသော ဆိုရှယ်လစ်(လက်ဝဲ)နိုင်ငံများကို လိုက်လံဖြိုခွဲခဲ့ရာ ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပဆိုရှယ်လစ်ရှစ်နိုင်ငံ ပြိုကျသွားခဲ့သည်။ ယခုကွန်ပြူတာစီအုပ်စိုးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆိုရှယ်လစ်ဈေးကွက်တံခါးဖွင့်စနစ်ဖြင့် တစ်သွေးတစ်သံကြိုးပမံးခဲ့ရာ ပြည်သူတို့ကပါ တက်ကြွစွာ အတူပါဝင်ဆောင်ရွက်ကြသဖြင့် ကမ္ဘာတွင် အမေရိကန်နှင့် ပခုံးချင်းယှဉ်နိုင်အောင် ချမ်းသာတိုးတက်လာခဲ့သည်။ ထို့ကြောင့် တရုတ်ကို ဖြိုဖျက်ရေးသည် ယနေ့အမေရိကန်တို့၏ စိတ္တဇရောဂါဖြစ်နေပေသည်။ အမေရိကန်သည် ကမ္ဘာအနှံ့ စစ်စခန်းပေါင်း ၈၀၀ ကျော် ၉၀ ခန့်ထားပြီး ကမ္ဘာကို အချိန်မလွန် ဂျူးကျောက်တိုက်ခိုက်ရန် အသင့်ဖြစ်နေ စေခဲ့သည်။ ယခုဖြိုရမည့် တရုတ်နိုင်ငံနှင့် မြေချင်း ဆက်နေသော မြန်မာနိုင်ငံတွင် သူ၏စစ်အင်အား ချထားရန် မဖြစ်မနေကြိုးစားလာခဲ့သည်။

မြန်မာနိုင်ငံကို သူတို့လက်ရောက်ရန် အရေး အခင်းအကြိမ်ကြိမ်ကြုံပါလျက် တပ်မတော်က ဝင်ပါသဖြင့် မအောင်မြင်ရသည့်အတွက် မြန်မာ့တပ်မတော်ကို ဆန့်ကျင်ထိုးနှက်လာတော့သည်။ မြန်မာနိုင်ငံတွင်လည်း NLD ကဲ့သို့ အမေရိကန် ရုပ်သေးအစိုးရသာ ဆက်တိုက်နိုးမိုးထားနိုင်လျှင် မြန်မာ့မြေသည် အမေရိကန် စစ်တပ်၏ မြေဖြစ်လာနိုင်သဖြင့် ထိုသို့ဖြစ်အောင် မွေနောက်ပွေရှပ် နေခြင်းဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသား သောင်းကျန်းသူ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ များအချင်းချင်း အာဏာလု ဝိုလ်လု၊ နယ်လု တိုက်ခိုက်နေကြသဖြင့် ပြည်တွင်းသောင်းကျန်းမှု စစ်ပွဲဖြစ်လာရကာ နှစ်ပေါင်း ဂုဝ ကျော် နာတာရှည် ရောဂါဆိုးတမျှ သက်ဆိုးရှည်နေခြင်းဖြစ်သည်။ ထိုအာဏာလုပွဲ၊ အချင်းချင်း တိုက်ပွဲများကို ဖန်တီး ရန်မှာလည်း သွေးခွဲ၊ သွေးထိုး အမျိုးသားရေး သစ္စာဖောက်များ မွေးမြူရန်လိုသဖြင့် နယ်ချဲ့တို့သည် ဓောက်ချလုပ်ကိုင်လာခဲ့ခြင်းဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြသော မြန်မာတိုင်းရင်းသားများနှင့် မြန်မာ့တပ်မတော်၊ အမျိုးသားနိုင်ငံရေးပါတီများသည် နယ်ချဲ့အုပ်စု၏ အဓိကပစ်မှတ်များ ဖြစ်လာခဲ့သည်။ ဒေါ်လာငွေ စက္ကူထောင်ပြလျှင် ဘာလုပ်ပေးရပေးရ ကိုယ် တိုင်းပြည်ပြန်ဖျက် ပေးရပေးရ အဲဒီ ဒေါ်လာရရင် ကျေနပ်ပြီဆိုသူများကလည်း အတန်ငယ်များနေ သဖြင့် မြန်မာတို့ အထူးသတိထားပြီး မိမိတို့၏ ပြည်ထောင်စု၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာ အာဏာ၊ ကိုယ့်စည်းလုံးညီညွတ်မှု အစဉ်အလာကို ကာကွယ်ထိန်းသိမ်းကြရပါမည်။

၁၃၅၂ မျိုးသော မြန်မာတိုင်းရင်းသား မျိုးနွယ်များ သည် ပကတိရိုးသားကြသည်။ စင်ကြယ်ကြသည်။ ကိုယ့်အိမ်မကို ပြန်ဖျက်သလို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်ထောင်စုပြိုကွဲမည့်အရေးကို လုံးဝ လက်မခံနိုင်ကြပေ။ ပြည်ထောင်စုပြိုကွဲအောင် ခွဲထွက်ရေးလှုပ်ရှားမှုမှန်သမျှကိုလည်း ဆန့်ကျင်ခဲ့ ကြသည်။

ယနေ့ အရေးကြီးသည်မှာ နယ်ချဲ့အုပ်စု၊ ဘာသာခွဲ၊ လူမျိုးခွဲအုပ်စုနှင့် အပေါင်းပါများ၊ ပြည်တွင်းမှ သစ္စာဖောက်လောက်ကောင်များ၊ သတင်းလိမ်၊သတင်းတုများဖြင့် နယ်ချဲ့ကို လမ်းခင်း ပေးနေသော ဗီဒီယာ(ကြေးစား)သမား လူလိမ်များ၏ သွေးခွဲ၊ သပ်လျှိုမှုများကို အသိရှိရှိ သတိရှိရှိဖြင့် ရှောင်နိုင်ကြဖို့သာ လိုပါသည်။

မြန်မာနိုင်ငံသည် ရေကောင်း၊ မြေကောင်း ပေကြွယ်သဖြင့် လယ်ခင်း၊ ယာခင်းများတွင် သီးထပ်သီးညှပ်များ စိုက်ပျိုးဖြစ်ထွန်းနေသကဲ့သို့ သဘာဝသယံဇာတမျိုးစုံတို့လည်း အထူးကြွယ်ဝ သကဲ့သို့ အဖိုးတန်သစ်တောကြီးများလည်း ပြည့်စုံ ကြယ်ဝလျက်ရှိပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးကို မြန်မာအစိုးရအဆက်ဆက် ကြိုးစားခဲ့ကြသည်။ နဝတ၊ နယကလက်ထက် တောတွင်းလက်နက်ကိုင် အဖွဲ့ ၁၇ ဖွဲ့၊ အဖွဲ့ငယ်အဖွဲ့စုံ ၂၀ ကျော် ငြိမ်းချမ်းရေး ရယူခဲ့သဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရခဲ့သည်။ ငြိမ်းချမ်းသော ကာလဒေသများတွင် ဖွံ့ဖြိုးရေး အတွက် စီးပွားရေးအခြေခံ အဆောက်အအုံများဖြစ် သည့် လမ်း၊ တံတား၊ ရထားလမ်း၊ လေယာဉ်လမ်း၊ စာသင်ကျောင်းအဆင့်ဆင့်၊ ကောလိပ်၊ သိပ္ပံ၊ တက္ကသိုလ်များ၊ စက်မှုစနိမ့်များ၊ စက်မှုလယ်ယာဖြင့် တင်မူများ၊ဖြိုပြမှာ၌ဥတိုက်တာအဆောက်အအုံသစ် များ၊ ခေးရုံ၊ဆေးခန်းများ အဆပေါင်းများစွာ တိုးတက်ဖြစ်ထွန်းခဲ့ဖြင့်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံက တံခါးဖွင့်ပေးထားသည်မှာ စီးပွားရေးစေ့းကွက်၊ ပါတီစုံဒီမိုကရေစီ တံခါးများ ဖြစ်ပါသည်။ ထိုတံခါးဖွင့်ပေးသည်ကို တလွဲသုံးပြီး ခိုးဝင်၊ မောင်ခိုဝင် အရေအမျိုးမျိုး ဒြိုဝင်လာသော ပြည်ပနယ်ချဲ့သူလျှိုထောက်လှမ်းခြေရှုပ်ရေးအဖွဲ့ များက ဒေါ်လာပုံအောပြီး သွေးခွဲ၊ သွေးထိုး၊ သွေးဆောင်သမျှ ယုံကြည်လက်ခံသူအချို့ကြောင့် သာ နေရာများစွာ၌ အကြမ်းဖက်နေကြခြင်းဖြစ် သည်။ တိုင်းရင်းသားစု မြန်မာပြည်ထောင်စုသား အားလုံး နီးကြားတက်ကြလာပြီး အစဉ်အလာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်တွင်းမျိုးချစ် စိတ်ဓာတ် စည်းလုံးညီညွတ်မှုဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ကိုယ့်ပြည်ထောင်စု၊ကိုယ့်ပြည်ထောင်စု ဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တညီ တညွတ်တည်း ရန်ပုံခွင်းပြီး နိုင်ငံစီးပွားရေးကို ပင့်တင်ချိန်တန်ပေပြီ။

ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးသမျှ အသီး အပွင့်ကို ခံစားစံစားရမည့်သူများမှာ ပြည်ထောင်စု သား မြန်မာများပင်ဖြစ်၍ ပြည်ထောင်စုနေ့ အဓိဋ္ဌာန်အဖြစ် ပြည်ထောင်စုကြီး ကြွခိုင်ကျန်းမာ ချမ်းသာရေးကို ပိုင်းဝန်းကြိုးပမ်းကြရန် သန့်ဋ္ဌာန်ချ ကြပါစို့။ ဤမြန်မာပြည်ထောင်စုသည် မြန်မာပြည် ထောင်စုသားတို့၏ နေအိမ်သိရှိကေဟာသာဖြစ်၍ မြန်မာပြည်ထောင်စုသားများသာ ကျန်းမာ ချမ်းသာစွာ ပျော်ရွှင်ရွှင်ရွှင် စုစုစည်းစည်း နေထိုင် သွားနိုင်အောင်၊ မိမိတို့ပြည်ထောင်စု မိမိတို့ အိမ်ကဟာ မယိုင်မလဲဘဲ ခိုင်မြဲအောင် ကာကွယ် စောင့်ရှောက် သွားကြပါစို့။

ပြည်ထောင်စုကြီး ကျန်းမာကြွခိုင်ပါစေ။

ပြည်ထောင်စုသားအားလုံး ပြိမ်းအေးချမ်းသာ ကျန်းမာကြပါစေ။ ။

စာမျက်နှာ ၁၁ မှ

၅၄။ MMS ISO 14066:2023 ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက် – သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို validating နှင့် verifying ဆိုင်ရာ အဖွဲ့များ အတွက် ကျွမ်းကျင်မှုလိုအပ်ချက်များ

၅၅။ MMS ISO 14067:2018 ဖန်လုံအိမ်ဓာတ်ငွေ့ – ထုတ်ကုန်များ၏ Carbon footprint ပမာဏကို သတ်မှတ်ရန်အတွက် လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ

၅۶။ MMS ISO/IEC TS 17021–8:2019 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း– စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များ အတွက် လိုအပ်ချက်များ – အပိုင်း ၈ – အဖွဲ့အစည်းများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များ

၅۷။ MMS ISO/IEC TS 17021–11:2018 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေး ထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက် သော အဖွဲ့များအတွက် လိုအပ်ချက်များ – အပိုင်း ၁၁ – အရည် အသွေး စစ်ဆေးခြင်းနှင့် အထောက်အကူပြု စီမံခန့်ခွဲမှုစနစ်များ အတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက် များ

۵۸။ MMS ISO/IEC TS 17021–12:2020 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံ ချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များ အတွက် လိုအပ်ချက်များ – အပိုင်း ၁၂ – အရည်အသွေး စစ်ဆေ ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံ ချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

۵۹။ MMS ISO/IEC TS 17021–13:2021 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေး ထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက် သောအဖွဲ့များအတွက် လိုအပ်ချက်များ – အပိုင်း ၁၃– compli– ance စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

۶۰။ MMS ISO/IEC TS 17021–14:2022 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေး ထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက် သောအဖွဲ့များအတွက် လိုအပ်ချက်များ– အပိုင်း ၁၄– စီမံခန့်ခွဲ မှုစနစ်ဆိုင်ရာ မှတ်တမ်းများအတွက် အရည်အသွေး ထောက်ခံ ချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

۶۱။ MMS ISO/IEC TR 17032:2019 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း – အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်း ဆိုင်ရာ လမ်းညွှန်ချက်များနှင့် နမူနာများအတွက် လုပ်ငန်း အစီအစဉ်

۶۲။ MMS ISO/TS 17033:2019 ကျင့်ဝတ်ဆိုင်ရာတောင်းဆိုမှုများ နှင့် သတင်းအချက်အလက်များ ပုံပြိုးပေးခြင်း – အခြေခံမူများနှင့် လိုအပ်ချက်များ

۶۳။ MMS ISO/IEC 17060:2022 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း –အလေ့အကျင့်ကောင်းဆိုင်ရာ ကျင့်ထုံး

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် စတင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး၊ ကျပ် တိုက်ရိုက်ငွေပေးချေမှုလုပ်ငန်းစတင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွာတုံ့သာလမ်း နှင့် ကုန်သည်လမ်းထောင့်ရှိ အိန္ဒိယစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းချော၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Shri Vinay Kumar ၊ ပြည်ထောင်စာသမတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ညွှန်ကြားရေးမှူးချုပ်များ၊ အိန္ဒိယ-မြန်မာကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Rajeev Rawal နှင့် အသင်းဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်မှာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်ဝင်မို့ ဈေးထုတ်ကုန်များတင်ပို့ရေးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပဲ၊ ပြောင်းနှင့် နမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်း၊ ဆောင်ရွက်ခွင့်ပြုထားသည့် ဘဏ်များဖြစ်သည့် ပန်ကျပ်ရေနှင်နယ်လ ဘဏ်၊ စီဘီဘဏ်နှင့် ယူအေဘီဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ဆီမီးထွန်းညှိ၍ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Shri Vinay Kumar က နူတက်ခန်းဆက်စကားပြောကြား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုတွင် ရူပီး၊ ကျပ် တိုက်ရိုက်ပေးချေမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နှစ်နိုင်ငံအကြား သံတမန်လမ်းကြောင်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံသံရုံးနှင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဗဟိုဘဏ်(RBI)နှင့်လည်းကောင်း ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများ တွင်ပါဝင်ပြီး မြန်မာနိုင်ငံမှ စတုတ္ထမြောက်ပို့ကုန် အများဆုံးတင်ပို့သည့် နိုင်ငံနှင့် ဆဋ္ဌမမြောက်သွင်း ကုန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ကြောင်း၊ အာရှ ဗဟိုဘဏ်များ စာရင်းရှင်းလင်းရေးအဖွဲ့(အစီယူ) အဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံသည် အိန္ဒိယ နိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးပြုလုပ်ပါကြောင်း၊ "အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကိုအသုံးပြု၍ ငွေပေးချေမှုလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guideline)" အား ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ပေးချေမှုများ စတင်နိုင်ပြီဖြစ်ကြောင်း၊ အကျိုး

ကျေးဇူးအနေဖြင့် ငွေပေးချေမှုများ အားကောင်း လာပြီး တိုင်းပြည်စီးပွားရေးကို အထောက်အကူ ပြုနေနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမို ကောင်းမွန်လာစေခြင်း အကျိုးကျေးဇူးများရရှိစေ မည်ဖြစ်ကြောင်း၊ ကုန်သည်ကြီးများအနေဖြင့် ငွေပေး ချေမှုနှင့် စာရင်းရှင်းလင်းမှုအတွက် ရူပီးဖြင့် လိုင်စင် လျှောက်ထားပြီး ဘဏ်လမ်းကြောင်းမှတစ်ဆင့် တရားဝင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြား သည်။(**အေပေါ့ပဲ**)

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်ထောင်စာသမတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် ဥက္ကဋ္ဌတို့က အမှတ်တရ ဂုဏ်ပြု စကားပြောကြားကြပြီး ရူပီး၊ ကျပ် ပေးချေမှုအတွက် ဆောင်ရွက်ခွင့်ပြုထားသည့် ဘဏ်များဖြစ်သည့် ပန်ကျပ်ရေနှင်နယ်လ်ဘဏ်၊ စီဘီဘဏ်နှင့် ယူအေဘီ ဘဏ်တို့က Rupee/ Kyat Trade Settlement Mechanism ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလို သည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများ က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဖြေကြား ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌထံ အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ အိန္ဒိယ-မြန်မာ ကုန်သည်များအသင်း၏ ဒုတိယဥက္ကဋ္ဌက ကျေးဇူး တင်စကားပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်း လိုက်ကြောင်း သိရသည်။

သတင်းစဉ်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း၌ပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း၌ပဒေ၊ နည်း၌ပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖြိုးအခ လွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်း များမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးဝို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း၌ပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်စာစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း၌ပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာ အပ်ပါသည်-

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁	သေခြင်းဒဿန (အတွေး အမြင် ဆောင်းပါးများ)	ဆန်းလွင်	ဦးထွန်းထွန်းသန်း ကိုလတ်စာပေ
၂	သူ့စိတ်ဓာတ်ကျတိုင်းဖတ်ဖို့	မိုးရင်း (I.M.S)	ဦးမြင့်သူ Myanmar Heritage စာပေ
၃	မျှော်တလင့်လင့်	ရွှေဒေါင်း	ဦးအာကာကျော် လမ်းပြကြယ်စာပေ
၄	တရုတ်လူမျိုးတို့ဘဝ မြို့ငါးမြို့ ဇာတ်လမ်း	ဟိန်းလတ်	ဦးမောင်မောင်ဦး သြကာသစာပေ
၅	မာရီယာ	လူခါး	ဦးမင်းထက်ဟန် တောင်ဇလပ်နီစာပေ
၆	အိပ်မက်ဆိုးများကို လေလစ်စနစ်ဖြင့် ရောင်းချနိုင်ပါသည်	အိမ်မွန်	ဦးမင်းထက်ဟန် တောင်ဇလပ်နီစာပေ

ပြန်ကြားရေးဝန်ကြီးဌာန

နိုင်ငံတကာသတင်း

ဗီလစ်ပိုင်နိုင်ငံ၌ မြေပြိုမှုဖြစ်ပွားပြီးနှစ်ရက်အကြာ ကလေးနှစ်ဦးအား ကယ်တင်နိုင်

မနီလာ ဖေဖော်ဝါရီ ၉

ဗီလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအိုဒီအိုရိုပြည်နယ် ကျေးရွာ အချို့တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ ယင်းသို့ဖြစ်ပွားပြီး နှစ်ရက်အကြာ တွင် အသက် သုံးနှစ်အရွယ်မိန်းကလေးတစ်ဦးနှင့် အသက် နှစ်လ အရွယ်ယောကျ်ား ကလေးတစ်ဦးတို့ကို ရှုံ့နွံများအောက်မှ အသက် ရှင်လျက် ကယ်ထုတ်နိုင်ခဲ့သည်ဟု ဗီလစ်ပိုင်ကြက်ခြေနီအသင်းက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောသည်။

အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့သည့် ကလေးနှစ်ဦးကို ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အေဂျင်စီ အကြီးအကဲဖြစ်သူ ဒစ်ခဲကျေခွန်က ပြောသည်။ ပြီးခဲ့သည့်ဖေဖော်ဝါရီ ၆ ရက်က မာကိုဗြို့အနီး ဓိုင်းတွင်း အနီးတွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီး သေဆုံးဦးရေမှာ ၁၅ဦး ထက်မနည်းရှိ လာပြီဖြစ်သည်။ ပျောက်ဆုံးသူဦးရေမှာလည်း ၁၁၀ အထိရှိလာပြီ ဖြစ်သည်။ မာကိုဗြို့နီစပယ်အုပ်ချုပ်ရေးရုံး၏ ထုတ်ပြန်ချက်အရ ၃၁ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ရှုံ့နွံများ၊ သစ်ပင်များနှင့် ကျောက်တုံးများအောက်တွင် ပိတ်မိနေသောပျောက်ဆုံးနေသည့် ကျေးရွာသားများကို ကယ်တင်

ကယ်တင်လာသည့်ကလေးငယ်ကို ဆေးဝါးကုသမှုပေးနေစဉ်။

နိုင်ရေးရာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိ သည်။ မိုးအဆက်မပြတ် ရွာသွန်းသည့်အတွက် ဖြစ်ပေါ်လာသည့် မြေပြိုမှုကြောင့်မိသားစုပေါင်း ၁၆၆ ဦးကို ယာယီ၍ရပြောင်းပေးထားပြီး အစိုးရကယ်ဆယ်ရေးစင်တာများတွင် နေရာချထားပေးကြောင်း သိရ သည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ အနောက်ဘန်ဂေါ်ပြည်နယ် မြစ်အတွင်း လေ့တိမ်းမှောက်မှု ငါးဦးပျောက်ဆုံးနေ

နယူးဒေလီ ဖေဖော်ဝါရီ ၉

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ် အနောက်ဘန်ဂေါ်ပြည်နယ်၏ မြစ် တစ်ခုအတွင်း လေ့တစ်စင်းတိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် ငါးဦး ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြား သည်။ ဟောင်းရာခရိုင် ရပ်နာရာရန် မြစ်အတွင်း ဖေဖော်ဝါရီ ၈ ရက် ညက လူ ၁၉ ဦးတင်ဆောင်လာသည့်လေ့တစ်စင်း တိမ်းမှောက်သွားခဲ့ ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လေ့ပေါ်တွင် လိုက်ပါလာသည့်လူများမှာ ပတ်ချင်မက်ဒီနီပူ ခရိုင် ရှိ ထရိုင်ဘီနီပန်းခြံသို့ ပျော်ပွဲစားထွက်ရန်သွားပြီး အပြန်တွင် မြစ် အလယ်၌ လေ့တိမ်းမှောက်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖေဖော်ဝါရီ ၈ ရက်ညက မြစ်အတွင်း လူများတင်ဆောင်လာ သည့် လေ့တစ်စင်းတိမ်းမှောက်သည့် သတင်းရရှိခဲ့ပြီးနောက် လေ့ တိမ်းမှောက်ရာနေရာသို့ အခြားလေ့များကို စေလွှတ်ခဲ့ကြောင်း၊ ၁၄ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ရှာဖွေမှုများလုပ်ဆောင်ခဲ့သော်လည်း ငါးဦးကို မတွေ့ရှိသေးကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အခင်းဖြစ်မှား ရာနေရာသို့ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ထမ်းများကို အာဏာပိုင်များက စေလွှတ်ခဲ့သည်။

ဆင်ဟွာ

တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာကိုအဆင့်မြှင့်တင် တင်ပို့ခြင်းနှင့် သတ္တုတင်ပို့ခြင်းများကို နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ အလေးထားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် မြြတ်ဖြူ၊ နယ်စပ်ကုန်သည်များအသင်းရုံး၌ ဌာနဆိုင်ရာများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်များ တင်ပို့ရာတွင် ယခုဒေသသည် ရေထွက်ကုန်ပစ္စည်းများ အဓိက တင်ပို့သည့်ဒေသဖြစ်ပြီး ပင်လယ်မှ ဖမ်းဆီးရမှုအပြင် မွေးမြူထားသော ရေထွက်ကုန်များကိုပါ ကုန်ကြမ်းအပြင် ကုန်ချောထုတ်လုပ်တင်ပို့သကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးသောရော်ဘာကို လည်း အဆင့်မြှင့်တင်၍ တင်ပို့ခြင်း၊ သတ္တုတင်ပို့ခြင်းများကိုလည်း နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ အလေးထားဆောင်ရွက်ကြရန်၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းထွက် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်တွင် ကောင်းစွာယှဉ်ပြိုင်နိုင်ရန် စံချိန်စံညွှန်းစီ အရည်အသွေးမီ ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသထွက် ရေထွက်ကုန်များကို ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်တင်ပို့မှုတို့အတွက် အထောက်အကူဖြစ်စေရေး ဒေသရှိအသင်းအဖွဲ့များနှင့် ဈေးကွက်ရှိရာဒေသအလိုက် အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်၊ ပို့ကုန်ထုတ်လုပ်သည့် စက်ရုံများအားလုံးကောင်းစွာလည်ပတ်နိုင်ရေး ကြိုးပမ်းကြရန်၊ စက်ရုံများ၏ထုတ်လုပ်မှု စွမ်းဆောင်ရည်တိုးမြှင့်ရေးဆောင်ရွက်ရန်၊ ကုန်သွယ်မှုသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပထော်ပတက်ဂျွန်းရှိ ပြည့်ဖြိုးထွန်းကုမ္ဗဏီ၏ ပုစွန်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ၊ ငါးအမှုန့်ကြိတ်စက်ရုံ၊ ပထော်ရေလှောင်တာမဲတွင် ရေပေါ်၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်နေမှုနှင့် ပနားမီးပုစွန်မွေးမြူရေးကန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထူးထူးတိုးကုမ္ဗဏီ၏ ငါးအမှုန့်ကြိတ်စက်ရုံနှင့် Texchem Food Myanmar လီမိတက်၏ ရေထွက်ကုန်အအေးခန်းစက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ပုစွန်မွေးမြူမှု၊ ကုန်ချောထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့ရန် ထုပ်ပိုးနေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ ပို့ကုန်များကို လက်ရှိတင်ပို့နေသည့် ကုန်သွယ်ဖက်နိုင်ငံများအပြင် နိုင်ငံတကာသို့ ဈေးကွက်ရှာဖွေ ချိတ်ဆက်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စည့် အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အခွန်ထမ်းပြည်သူများနှင့်ထိတွေ့ဆက်ဆံရာတွင် ပေးဆောင်ရမည့်အခွန်ငွေများကို တာဝန်သိ အခွန်ထမ်းပီသစွာပေးဆောင်လိုသည့် စိတ်ဆန္ဒရှိလာအောင် အကောင်းဆုံးဝန်ဆောင်မှုပေး

နေပြည်တော် ဖေဖော်ဝါရီ ၉

မြို့နယ် အခွန်ဦးစီးဌာနမှုး လုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၈၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်း အခွန်များဦးစီးဌာန၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက ယခုသင်တန်းတွင် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေများ၊ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲနေသော အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ အခွန်စည်းကြပ်ခြင်းနှင့်ဆက်စပ်နေသော စာရင်းကိုင်ပညာ၊ အခွန်ဆိုင်ရာစာရင်းစစ်ဆေးခြင်း၊ ICT နည်းပညာကို အခြေခံ၍ အခွန်စည်းကြပ် ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းနှင့်ဆက်စပ်နေသော ပင်စင်အမှုတွဲအမျိုးမျိုး တည်ဆောက်ပုံများ၊ ငွေကြေးခဝါရမှု တိုက်ဖျက်ရေးဆိုင်ရာ သိမှတ်စရာများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သိမှတ်စရာများကို စာတွေ့၊ လက်တွေ့ ပေါင်းစပ်ပြီး သင်ကြားပို့ချပေးခဲ့ကြောင်း။

လုပ်ငန်းသဘော သဘာဝအရ အခွန်ထမ်းပြည်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် အခွန်ထမ်းပြည်သူများက ပေးဆောင်ရမည့် အခွန်ငွေများကို တာဝန်သိအခွန်ထမ်းပီသစွာ ပေးဆောင်လိုသည့် စိတ်ဆန္ဒရှိလာအောင် အကောင်းဆုံး ဝန်ဆောင်မှုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး သင်တန်း၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို ဆုများ ချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ရက်သတ္တ ရစ်ပတ်ဖွင့်လှစ်

အဆိုပါသင်တန်းကို ရက်သတ္တ ရစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

 မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ ရန်ကုန်တိုင်းသာသနာ့နေ့ဂုဟအသင်းကြီးနှင့် ထိုင်းနိုင်ငံ မမ္ဗကာယဓောင်းတောင်ကြီးတို့ ကျင်းပသည့် ပဥ္စမအကြိမ် မြောက် ကမ္ဘာ့ဗြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလဗဟုသုတ ပြိုင်ပွဲ(၂၀၂၃)တွင် ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ် မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ပထမဆုရရှိသော မောင်ဘုန်းမော်ရှေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဦးငြာ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်စဉ်။ အာကာလင်း

သီးထပ်စွမ်းအားတိုးတက်ရန်အတွက် စိုက်ပျိုးရေရရှိရန်နှင့်စက်မှုလယ်ယာကလွှာသည် အဓိကကျ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခ ဒေါက်တာအောင်ဝင်း ဦးဆောင်သော နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် သီးနှံစုံ အကန့်လိုက် စိုက်ပျိုးနည်းစနစ် တောင်သူပညာပေး သရုပ်ပြ စိုက်ခင်းသို့ လာရောက်လေ့လာကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၁နှင့်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်ဌက နည်းပညာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်ဌကဆွေးနွေးပြောကြားရာတွင်သီးထပ်စွမ်းအား တိုးတက်ရန်အတွက် စိုက်ပျိုးရေ ရရှိရန်နှင့် စက်မှုလယ်ယာ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် ပိုးသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများကို လိုအပ်သည်ထက် ပို၍ဖျန်းခြင်း ကြောင့် မိတ်ဆွေပိုးများနှင့် ပျားအပါအဝင် ဝတ်မှန်ကျူးစေသည့် အင်းဆက်ပိုးများ၏ ကောင်းရေကျဆင်းနေပါက နေကြာအထွက်နှုန်းလျော့ကျကြောင်း၊ တောင်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သောအရင်းအနှီး၊ နည်းပညာ ဈေးကွက်၊ စိုက်ပျိုးထားသည့် သီးနှံများ သယ်ယူရွှေ့ပြောင်းရန် အတွက် ကုန်ထုတ်လမ်းနှင့် အခြေခံအဆောက်အဦးများ လိုအပ်ကြောင်း၊ သီးနှံစုံ ၁၈ မျိုး၏ အကန့်လိုက် စိုက်ပျိုးထားရှိမှုများ ကိုလေ့လာ၍ သီးနှံတစ်မျိုးချင်း အလိုက် မြေပြင်ဗဟုလမ်းနိုင်မှုကို လေ့လာပြီး မှတ်တမ်းတင်ထား ကြရန်လိုကြောင်း၊ လူစာ၊ တိရစ္ဆာန်စာ၊ ဂေဟာစနစ်စာ၊ မြေစာ စသည်ဖြင့် စိုပျိုးထားရှိမှုနှင့် ရေသွတ်မှန်ကန်စေရန် ပေါင်းကြီး တင်စနစ်ဖြင့် စိုက်ပျိုးထားရှိသင့်သည်ကို မှတ်သားထားကြရန် လိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့လာရေးကျောင်းသား ကျောင်းသူများကို သီးနှံစုံ ၁၈ မျိုး အကန့်လိုက် စိုက်ပျိုးထားရှိသည့် စိုက်ခင်းအတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

စနစ်တကျရှိခြင်းနှင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းသည် ရုံးလုပ်ငန်းများ အောင်မြင်ရေးအတွက် အရေးကြီး

နေပြည်တော် ဖေဖော်ဝါရီ ၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာ့ခရီးသွားဘဏ်မှ CEO ဦးဝင်းလွင်နှင့် တာဝန်ရှိသူများကို ယနေ့ နံနက်ဗိုင်းတွင် အဆိုပါဝန်ကြီးဌာန နီလာခန်းမ၌ တွေ့ဆုံပြီး ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရာတွင် ငွေကြေးပေးချေမှုကိစ္စရပ်များ လွယ်ကူအဆင်ပြေမှုရှိစေရေးအတွက် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇေမိုး၊ အဖြတ်မံအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် မြန်မာ့ခရီးသွားဘဏ်ကို ထူထောင်ခဲ့မှု၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ဘဏ်များ၏ အခန်းကဏ္ဍအရေးကြီးမှု၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များ၏ ငွေကြေးပေးချေမှုလွယ်ကူအဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သည့် ဝန်ထမ်းထုမိတ်ဆုံစားပွဲသို့ တက်ရောက်၍ စနစ်တကျရှိခြင်းနှင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းသည် ရုံးလုပ်ငန်းများ အောင်မြင်ရေးအတွက် အရေးကြီးသဖြင့်ကြိုးစားလေ့ကျင့်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်းနှင့် အရည်အချင်းပြည့်ဝပြီး ဝန်ကြီးဌာနနှင့် နိုင်ငံအကျိုးသယံဇာတပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်စေအောင် လေ့လာသင်ယူသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မှန်ပြည်နယ် ရေးဖြို့နယ်၌ လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများ၊ ဈေးများ၊ စာသင်ကျောင်းများ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသန်းဌေးဆောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၉ ရက်က မီးချိတ်မီးကပ်၊ သဲအိတ်များ၊ ရေပုံးများ၊ မီးသတ်ဆေးဘူး စသည့်မီးဘေးကာကွယ်ရေးပစ္စည်းများအား အဆင်သင့်ထားရှိမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။ မြန်မာ့အလင်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ပြည်သူများ မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးသတ်မူရေးနှင့် မီးဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ဦးစီးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးတို့ ဦးဆောင်၍ ဖေဖော်ဝါရီ ၈ ရက်က အမှတ်(၁) ရပ်ကွက် ရန်ကင်းလမ်းရှိ Golden City အိမ်ရာ၌ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။

လှလွတ်ထွေး (ပြန်/ဆက်)

နေပြည်တော် ဒဂွီဏာသီရိမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က ဒဂွီဏာသီရိမြို့နယ် junction ဈေးဝယ်စင်တာ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရာဇာဖြိုးနှင့်တပ်ဖွဲ့ဝင်များ မီးမြှိမ်းသတ်သရုပ်ပြလေ့ကျင့်ရာ နေပြည်တော်တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်ဌေးတို့ ကြည့်ရှုအားပေးစဉ်။ ဇော်ဘီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတဲ့ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝဖ၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄ဖ၂၅၇၇
ဝဖ၇- ၄၁၁၂၅၂ ဝ၉-၇၇၂၂၉၃ဖ၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကရင်ပြည်နယ်အတွင်း မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က ဘားအံမြို့ အဝေးပြေးကားကြီးဝင်းအတွင်းရှိ ကားဂိတ်ရုံးများသို့ ကရင်ပြည်နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးသန်းထိုက်နိုင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းဆောက်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

◆ *ကျောပုံးမှ*

ကရင်ပြည်နယ်ရှိ အာရှလမ်းကြီးမှာ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားသည့်အတွက် မြန်မာဘက်မှခရီးသွားများနှင့် ကုန်သည်များက မြဝတီမြို့မှတစ်ဆင့် ကုန်စည်စီးဆင်းမှုအတွက် ထော့ကော်ကိုးလမ်းကြောင်းကို သုံးနေခြင်းဖြစ်သည်။

"ထိုင်းကုန်စည်ကို မြန်မာဘက်သယ်တာက ထော့ကော်ကိုးလမ်းကိုပဲ တောက်လျှောက်သုံးနေတာပေါ့။ ဒီလမ်းကိုပဲ သုံးနေတာပေါ့။ လမ်းကြမ်းတော့ ကားတွေလည်းသွားရတာနည်းနည်းခက်ခဲတာရှိတာပေါ့။ လက်ကျန်ကုန်စည်တွေ သွားတာများနေပါတယ်" ဟု မြဝတီမြို့ခံ ကုန်သည်တစ်ဦး၏ ရှင်းပြသည်။

သစ်တော်

ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် လူငယ်များဗလငါးတန်ပြည့်စုံရေး စုံညီပွဲတော်ဒုတိယနေ့ စာတမ်းဖတ်ပွဲနှင့် ညစာစားပွဲတက်ရောက်

မကွေး ဖေဖော်ဝါရီ ၉

လူငယ်များ ဗလငါးတန်ပြည့်စုံရေး စုံညီပွဲတော်ဒုတိယနေ့စာတမ်းဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်မွန်းလွဲပိုင်းတွင် မကွေးတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ လူငယ်များအနေဖြင့် အချင်းချင်းတွေ့ဆုံကြပြီး ဗလငါးတန်ပါခေါင်းစဉ်များအလိုက် ပွင့်လင်းမြင်သာစွာ ဆွေးနွေးကြပြီး နောက်ဆုံးအဆင့် တန်ဖိုးကြီးမားသည့် ကဏ္ဍာအလိုက် စာတမ်းများ ဖတ်ကြားတင်ပြကြကာ ယခုလို လူငယ်များ ဗလငါးတန်ပြည့်စုံရေး စုံညီပွဲတော်ကြီးမှ တစ်ဆင့် မကွေးတိုင်းဒေသကြီး၏ အနာဂတ်ကို အလှပဆုံး အတောက်ပဆုံး ထုဆစ်ပုံဖော်ပေးနိုင်မည့် စွမ်းရည်ပြည့်ဝသော လူငယ်များ ပေါ်ထွက်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်များ ဗလငါးတန်ပြည့်စုံရေး စုံညီပွဲတော် အထိမ်းအမှတ် Logo ပြိုင်ပွဲတွင် ဆုရရှိသူများ၊ နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး စက်တီးစီးပြိုင်ပွဲတို့တွင် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညနေပိုင်းတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဘွဲ့နင်းသဘင်ခန်းမရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး ကျင်းပသည့် လူငယ်များ ဗလငါးတန်ပြည့်စုံရေး စုံညီပွဲတော်ကို ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ် ၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေပြီး စာပေနှင့် အနုပညာစွမ်းအား၊ အားကစားတို့ဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေး အခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ နန်ရက်ကြာ မကွေးတက္ကသိုလ် ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မောင်ညီညာ

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ယနေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းအလင်းဝင်ရောက်သူများအား မိတ်အုပ်ထိန်းသူများ ထံ ထွဲကြောင်းအပ်နှံခြင်းနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ပုသိမ်မြို့ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာကြသူများနှင့် ၎င်း၏ဖွဲ့ ၏ မိတ်အုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းချေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်း မရှိသည့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးတို့အား ၎င်းတို့နှင့် အတူပါလာသည့် M-4 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက် အတွက် ဆုကြေးငွေကျပ်သိန်း ၅၀၊ Glock ပစ္စတိုတစ်လက် အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ Zoraki ပစ္စတိုတစ်လက် အတွက် ငွေကျပ်သိန်း ၂၀ စုစုပေါင်းကျပ်သိန်း ၉၀ နှင့် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့နှင့်အတူ ပါလာသည့် M-4 အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်၊ Glock ပစ္စတိုတစ်လက်၊ Zoraki ပစ္စတိုတစ်လက်အား အပ်နှံကြရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနေ့ဘက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်၍ ပြစ်မှုကျူးလွန်ခြင်း မရှိသော PDF သင်တန်းဆင်းအလင်း ဝင်ရောက်သူများ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေ လုံခြုံရေးဆောင်ရွက်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိတ်အုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်ဝန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လားရှိုးပြည်သူ့စစ်(ဌာန)တပ်ဖွဲ့ဝင် အခြေခံစစ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲနှင့် လက်နက်တပ်ဆင်အပ်နှင်းပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ လားရှိုး ပြည်သူ့စစ်(ဌာန)အဖွဲ့ အခြေခံစစ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲနှင့် လက်နက်တပ်ဆင်အပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်ထောင်စုအားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့စစ်(ဌာန)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ချုပ် နိုင်နိုင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး လက်နက်များ တပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် ဒုတိယတိုင်းမှူးတို့က ပြည်သူ့စစ်(ဌာန)တပ်ဖွဲ့ဝင်များကို လက်နက်များ အပ်နှင်းပေးပြီး သင်တန်းထူးချွန်ဆုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာန)တပ်ဖွဲ့ဝင်များ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ် နိုင်နိုင်ဦး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့ဝင်များက ပြည်သူ့စစ်(ဌာန)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းရှေ့အသင်းက အခမဲ့ရှေ့ပညာ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မတ်လအစတိုင်းတွင် အခမဲ့ရှေ့ပညာ သင်တန်းဖွင့်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါသင်တန်းကို လာမည့် မတ ၁ ရက်တွင် ရွှေပညာဒါန၊အဖြစ် အခမဲ့ရှေ့ပညာ ၁၀ ရက် သင်တန်းဖွင့်လှစ်သွားမည်ဟု ဖေဖော်ဝါရီ ၇ ရက်က ပြုလုပ်သော အဆိုပါ အသင်း၏ အလုပ်အမှုဆောင်အစည်းအဝေး က ဆုံးဖြတ်သည်။ ထိုအပြင် UAB ဘဏ်နှင့် နားလည်မှုစာချုန်လွှာ ရေးထိုးသွားမည်ဖြစ်ကြောင်းလည်း အဆိုပါအစည်းအဝေးမှ သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင် များအသင်း (YGEA) ၏ ထုတ်ပြန်ချက် အရ ဖေဖော်ဝါရီလအတွင်း အကယ်ဒမီ မီးလင်းရွှေဈေးကွက်ဈေးနှုန်းမှာ ကျပ် ဆယ့်ခြောက်သိန်းကျော် ရှိကြောင်း သိရသည်။

MT

အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်
၂၀၂၃–၂၀၂၄ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၂၃–၂၀၂၄ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ကောဒသမတန်းနှင့် ဒွါဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

(ယမန်နေ့မှအဆက်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ နဝမတန်း (Grade 9) လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၁၆	မယ့်နန်းသီရိ	အထက–၅၊ ကျိုင်းတုံ	ကျိုင်းတုံ	ကျိုင်းတုံ
၁၁၇	မောင်ရန်ထက်သီလ	အထက–တာချီလိတ်	တာချီလိတ်	တာချီလိတ်
၁၁၈	မအိမ်နီဒီကို	ရွှေမဟာ(ကပက)	တာချီလိတ်	တာချီလိတ်
၁၁၉	မောင်ရဲမာန်ထင်	အထက–မိုင်းတုံ	မိုင်းတုံ	မိုင်းတုံ
၁၂၀	မခိုင်သဇင်ဖြူ	အထက–မိုင်းဆတ်	မိုင်းဆတ်	မိုင်းဆတ်
၁၂၁	မောင်သော်ကောင်းခန့်	အထက–(၆)၊ ပုသိမ်	ပုသိမ်	ပုသိမ်
၁၂၂	မောင်ဥာဏ်ဝင်း	အထက–ရေကြည်	ရေကြည်	ကျျေပျော်
၁၂၃	မသင်းသင်ထက်	အထက–(၆)၊ ပုသိမ်	ပုသိမ်	ပုသိမ်
၁၂၄	မငွေစင်ဝင့်ဝါ	အထက–ငပုတော	ငပုတော	ပုသိမ်
၁၂၅	မောင်ထွန်းပြည့်လျှံဝေ	အထက(၃)၊ ဟသ်တတ	ဟသ်တတ	ဟသ်တတ
၁၂၆	မောင်လင်းမြတ်ဦး	အထက–ကနောင်	မြန်အောင်	မြန်အောင်
၁၂၇	မနှင်းနေပြည်	အထက–ချင်းမြောင်	ကြေခင်း	မြန်အောင်
၁၂၈	မသွန်းအိမ်စည်	ဂုဏ်ထူးပန်းခင်း(ကပက)	ဟသ်တတ	ဟသ်တတ
၁၂၉	မောင်သုတဝိုင်	အထက(၂)၊ အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၃၀	မမြယမင်းလွင်	အထက(၂)၊ အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၃၁	မောင်ဝေယံကျော်	ပညာဓော(ကပက)	မအူပင်	မအူပင်
၁၃၂	မသော်တာစန်း	အထက(၁)၊ မအူပင်	မအူပင်	မအူပင်
၁၃၃	မောင်ထွန်ဖုန်းလျှံအောင်	အထက(၄)၊ ဖျာပုံ	ဖျာပုံ	ဖျာပုံ
၁၃၄	ရရှင်းထက်လွင်	အထက(၃)၊ ဒေးဒရဲ	ဒေးဒရဲ	ဖျာပုံ
၁၃၅	မောင်ထူးမြတ်အောင်	အထက–(၁)၊ မော်လမြိုင်ကျွန်း	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၃၆	မဆုစန္ဒီဘိုး	အထက–(၁)၊ မော်လမြိုင်ကျွန်း	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၃၇	မောင်စွမ်းထက်နိုင်	အထက(၅)၊ ဓမ္မုသီရိ	ဓမ္မုသီရိ	ပျဉ်းမနား
၁၃၈	မငြိမ်းသုခလင်း	အထက(၅)၊ ဓမ္မုသီရိ	ဓမ္မုသီရိ	ပျဉ်းမနား
၁၃၉	မောင်စည်သူအောင်	အထက–ကျည်တောင်ကန်	ပုဗ္ဗသီရိ	ဧယျာသီရိ
၁၄၀	မမျိုးသီရိမောင်	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရသီရိ

အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၁၆	မမေထက်ဝေ	ရတနာ(ကပက)	ကျိုင်းတုံ	ကျိုင်းတုံ
၁၁၇	မောင်လင်းထက်အောင်	အထက–ဟိုနား	မိုင်းဖြတ်	တာချီလိတ်
၁၁၈	မဆွေချောနန့်	အထက–ဟိုနား	မိုင်းဖြတ်	တာချီလိတ်
၁၁၉	မောင်စိုင်းဥာဏ်လင်းထက်	အထက–မိုင်းဆတ်	မိုင်းဆတ်	မိုင်းဆတ်
၁၂၀	မဆောင်းသခင်	အထက–မိုင်းတုံ	မိုင်းတုံ	မိုင်းတုံ
၁၂၁	မောင်ရဲထွန်ဌေအောင်	အထက–(၆)၊ ပုသိမ်	ပုသိမ်	ပုသိမ်
၁၂၂	မောင်မြင့်မြတ်အောင်	အထက–ရေကြည်	ရေကြည်	ကျျေပျော်
၁၂၃	မကောင်းဆုဟ်သာ	အထက–(၂)၊ ကျောင်းကုန်း	ကျောင်းကုန်း	ကျျေပျော်
၁၂၄	မမေစုခိုင်	စိန်ရွှန်း(ကပက)	ပုသိမ်	ပုသိမ်
၁၂၅	စကမ္ဘာဝိုင်ဆိုင်	ဂုဏ်ထူးပန်းခင်း(ကပက)	ဟသ်တတ	ဟသ်တတ
၁၂၆	မောင်ဓေလျှမ်းထက်	အထက–မဲလီကုန်း	အင်ပူ	မြန်အောင်
၁၂၇	မဃူးဟေသာဖြိုး	ကြယ်တံခွန်(ကပက)	ဟသ်တတ	ဟသ်တတ
၁၂၈	မအိမ်ချစ်သဲ	အထက(၁)၊ ကြေခင်း	ကြေခင်း	မြန်အောင်
၁၂၉	မောင်အောင်သူရ	အထက(၂)၊ အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၃၀	မဟန်နီလင်းသန့်	အထက(၁)၊ ဝါးခယ်မ	ဝါးခယ်မ	မြောင်းမြ
၁၃၁	စောမောဖြိုး	ပညာဓော(ကပက)	မအူပင်	မအူပင်
၁၃၂	ယွန်းသီရိကျော်	အထက(ခွဲ)–လ(၁)၊ မအူပင်	မအူပင်	မအူပင်
၁၃၃	မောင်ခွဲထက်စံ	အထက–(၁)၊ ဒေးဒရဲ	ဒေးဒရဲ	ဖျာပုံ
၁၃၄	မသီရိဖြူစင်	အထက–(၁)၊ ဒေးဒရဲ	ဒေးဒရဲ	ဖျာပုံ
၁၃၅	မောင်ရိုင်းလင်းထက်	အထက–(၁)၊ မော်လမြိုင်ကျွန်း	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၃၆	မဂျူမှန်လင်း	အထက–(၁)၊ မော်လမြိုင်ကျွန်း	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၃၇	မောင်စွမ်းသူအောင်	အထက(၅)၊ ဓမ္မုသီရိ	ဓမ္မုသီရိ	ပျဉ်းမနား
၁၃၈	မချိသံလွင်ကို	အထက(၅)၊ ဓမ္မုသီရိ	ဓမ္မုသီရိ	ပျဉ်းမနား
၁၃၉	မောင်အောင်ကောင်းမြတ်	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရသီရိ
၁၄၀	မသီရိရွှေစင်	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရသီရိ

အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ ကောဒသမတန်း (Grade 11) လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၁၆	မောင်ဝေယံဘုဏ်းပြည့်အောင်	အထက–မိုင်းဆတ်	မိုင်းဆတ်	မိုင်းဆတ်
၁၁၇	မနန်းလောင်ဝမ်းဆီ	အထက–မိုင်းဆတ်	မိုင်းဆတ်	မိုင်းဆတ်
၁၁၈	မောင်သက်မိုင်ထွန်ရ	အထက–(၆)၊ ပုသိမ်	ပုသိမ်	ပုသိမ်
၁၁၉	မောင်အောင်ကောင်းခန့်	မြန်ပြည်သားကောင်း(ကပက)	ကျျေပျော်	ကျျေပျော်
၁၂၀	မအိအိတုံ	အထက–(၆)၊ ပုသိမ်	ပုသိမ်	ပုသိမ်
၁၂၁	မကေခိုင်နင်း	အထက–ရေကြည်	ရေကြည်	ကျျေပျော်
၁၂၂	မောင်စိုးသီဟသူ	အထက–မဲလီကုန်း	အင်ပူ	မြန်အောင်
၁၂၃	မောင်စိုးခန့်ကျော်	အထက–ဒေါ်ဝင့်ကြီး	ဇလွန်	ဟသ်တတ
၁၂၄	မနန်းစံပယ်ဖြူ	အထက(၁)၊ ကြေခင်း	ကြေခင်း	မြန်အောင်
၁၂၅	မဝင်းစုဟန်	အထက(၃)၊ ဟသ်တတ	ဟသ်တတ	ဟသ်တတ
၁၂၆	မောင်သန့်ထွန်ရဝင်း	မဟာ(ကပက)	မြောင်းမြ	မြောင်းမြ
၁၂၇	မထက်အိန္ဒြာကျော်	အထက(၁)၊ ဝါးခယ်မ	ဝါးခယ်မ	မြောင်းမြ
၁၂၈	မောင်ဥာဏ်မင်းထက်	ပညာဓော(ကပက)	မအူပင်	မအူပင်
၁၂၉	မနှင်းသန့်ရတီ	ပညာဓော(ကပက)	မအူပင်	မအူပင်
၁၃၀	မောင်စွမ်းထက်	အထက–(၁)၊ ဘိုကလေး	ဘိုကလေး	ဖျာပုံ
၁၃၁	မနွေးနွေးလွင်	အထက–(၃)၊ ဖျာပုံ	ဖျာပုံ	ဖျာပုံ
၁၃၂	မောင်အောင်ကောင်းပြည့်	အထက–(၁)၊ မော်လမြိုင်ကျွန်း	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၃၃	မနန္ဒာမိုးဦး	အထက–(၁)၊ မော်လမြိုင်ကျွန်း	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၃၄	မောင်လင်းထက်	အထက(၁၁)၊ ဓမ္မုသီရိ	ဓမ္မုသီရိ	ပျဉ်းမနား
၁၃၅	မနှင်းနဒီစိုး	အထက(၂)၊ လယ်ဝေး	လယ်ဝေး	လယ်ဝေး
၁၃၆	မောင်လမင်းထွန်း	အထက(၁)၊ ဧယျာသီရိ	ဧယျာသီရိ	ဧယျာသီရိ
၁၃၇	မခင်တင့်တယ်ထက်	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရသီရိ

အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ ဒွါဒသမတန်း (Grade 12) လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၁၆	မောင်တေဇ	အထက–မိုင်းဆတ်	မိုင်းဆတ်	မိုင်းဆတ်
၁၁၇	မလဲလဲဝင်း	အထက–မိုင်းဆတ်	မိုင်းဆတ်	မိုင်းဆတ်
၁၁၈	မောင်ထက်ပိုင်ဦး	အထက–ငါးသိုင်းချောင်း	ရေကြည်	ကျျေပျော်
၁၁၉	မောင်ထူးမြတ်နိုင်	အထက–(၂)၊ ပုသိမ်	ပုသိမ်	ပုသိမ်
၁၂၀	မပိုင်ဖြူဖြူကို	ယောနသ(ကပက)	ကျျေပျော်	ကျျေပျော်
၁၂၁	မတုန္ဒိုင်းဝေ	အထက–(၂)၊ ပုသိမ်	ပုသိမ်	ပုသိမ်
၁၂၂	မောင်ကောင်းခန့်ကျော်	အထက(၁)၊ ကြေခင်း	ကြေခင်း	မြန်အောင်
၁၂၃	မောင်သုရိန်နိုင်	အထက–ထူးကြီး	အင်ပူ	မြန်အောင်
၁၂၄	မရွှေရည်ဝင့်ဝါ	ကြယ်တံခွန်(ကပက)	ဟသ်တတ	ဟသ်တတ
၁၂၅	မချစ်ခွန်းချို	အထက(၁)၊ ကြေခင်း	ကြေခင်း	မြန်အောင်
၁၂၆	မောင်ဥာဏ်မင်းထက်	အထက(၂)၊ အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၂၇	မနှင်းပွင့်စံ	အထက(၂)၊ အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၂၈	မောင်ကောင်းထက်မင်း	ပညာဓော(ကပက)	မအူပင်	မအူပင်
၁၂၉	မထက်ထက်အောင်	ပညာဓော(ကပက)	မအူပင်	မအူပင်
၁၃၀	မောင်အောင်သူရထွန်ရ	အထက–(၁)၊ ဖျာပုံ	ဖျာပုံ	ဖျာပုံ
၁၃၁	မသောက်နိုင်	အထက–(၁)၊ ဘိုကလေး	ဘိုကလေး	ဖျာပုံ
၁၃၂	မောင်မင်းသက်ခိုင်	အထက–ကျော်ဓံ	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၃၃	မရွှန်းလဲလဲရည်	အထက–(၁)၊ လပွတ္တာ	လပွတ္တာ	လပွတ္တာ
၁၃၄	မောင်အောင်ရဲရင့်သူ	ပညာပန်းတိုင်(ကပက)	ပျဉ်းမနား	ပျဉ်းမနား
၁၃၅	မချိုမာဒီ	အထက–အေလာ	လယ်ဝေး	လယ်ဝေး
၁၃၆	မောင်စိုးရဲထက်	အထက(၁)၊ ဧယျာသီရိ	ဧယျာသီရိ	ဧယျာသီရိ
၁၃၇	မမြေတ်သူ	အထက(၃)၊ ပုဗ္ဗသီရိ	ပုဗ္ဗသီရိ	ဧယျာသီရိ

ဆီဆိုင်မြို့နယ်၌ တိုက်ပွဲဖြစ်ဖွားခြင်းမရှိဘဲ တပ်မတော်က ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဗျက်ဆီး၊ ပြည်သူများထွက်ပြေးနေရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပန္တိုင်းကိုယိပ်ဇောပျဉ်ခွင့်ရရသော ဆီဆိုင်မြို့နယ်၌ ဖေဖော်ဝါရီ ၈ ရက်က ဘန်းယဉ်မြို့အရှေ့ဘက်ရှိ ပအိုဝ်းကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ၁၆ ကြိမ်ပစ်ခတ်ခဲ့ရာ ကျေးရွာနေပြည်သူများ ထွက်ပြေးနေရဟု မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အထက်ပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ ထံမှ‌ကြားသိရသော သတင်းများအရ အရှေ့ အကြမ်းဖက် PNLA ၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက် သမားများ‌ပါဝင်သော ပူးပေါင်း အဖွဲ့များသည် ဘန်းယဉ်မြို့နယ် အတွင်းသို့ ကျူးကျော်ဝင်ရောက် လာမှုကြောင့် ဒေသခံပြည်သူများ စစ်ဘေးရောင်းနေရပြီး ကျေးရွာနေ ပြည်သူများမရှိခိုက် ရွာအတွင်း မွေ့နှောက်ရှာဖွေခြင်း၊ ဈေးဆိုင် များမှ စားသောက်ကုန်များကို အတင်းအဓမ္မ ယူဆောင်ခြင်း၊ ရွာသားများအား ဖမ်းဆီးခေါ် ဆောင်ခြင်းတို့ကို လုပ်ဆောင် လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများ ကြောင့် တပ်မတော်နှင့် ဒေသ ကာကွယ်ရေး PNO (ပြည်သူ့စစ်) အဖွဲ့များက ပူးပေါင်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောသင်္ကေတများ ထိုကျေးရွာများကို လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb ချ တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုတို့ကြောင့် ဒေသခံ ပြည်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး အကြမ်းဖက်အားပေး ပြည်ဗျက် မီဒီယာများက ပြည်သူများ အထင် အမြင်လွဲမှားစေရန် လူမှုကွန်ရက် စာမျက်နှာများတွင် သတင်းမှား များကို ဝါဒဖြန့်ထုတ်လွှင့်နေခြင်း သာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျောက်ဖုံးမှ*

မြောက်ဥက္ကလာပ မြို့နယ်မှ မောင်အောင်မြင့်ကို သုံးပွဲ – နှစ်ပွဲ ဖြင့် လည်းကောင်း၊ အမျိုးသား တစ်ဦးချင်း စနေကာပြိုင်ပွဲတွင် ၁၇ မြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ မောင်စိုးကိုကိုဝင်းက ဒေါပဲမြို့နယ်မှ မောင်မောင်အေးကို သုံးပွဲ–နှစ်ပွဲဖြင့်အနိုင်ရရှိသည်။ ပြိုင်ပွဲ များအပြီး ဆုပေးပွဲကိုကျင်းပရာ ဘိလိယက်၊ စနူကာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အားကစား သမားများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး များ၊ တိုင်းဒေသကြီးအားကစား နှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝေဖေ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်ဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသား ဆုများ ချီးမြှင့်ကြသည်။

ထိုနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမျိုးသမီးတစ်ဦးချင်း 9 Ball ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အားကစား သမားများအား ဆုတံဆိပ်နှင့် ငွေသား‌ဆုများကို လည်းကောင်း၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် တံခွန်စိုက် ဆုရလေးရရှိသွားသော ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အား ဆုမလား ချီးမြှင့်သည်။ ပြိုင်ပွဲသို့ မြို့နယ်ပေါင်း ၃၉ မြို့နယ်မှ ဘိလိယက်နှင့်စနူကာ၊ 9 Ball Pool ကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ ကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှ ဆုရအားကစား သမားများကိုစာခန်းသွင်းရွေးချယ် သွားပြီး ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ နေပြည်တော်၌ ကျင်းပမည့် ပြည်နယ်နှင့် တိုင်း ဒေသကြီးပြိုင်ပွဲအတွက် ရန်ကုန် တိုင်းဒေသကြီး ကိုယ်စားပြုအမျိုး သား ၁၀ ဦး၊ အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ် ကြောင်း သိရသည်။

အာကာစိုး

ကျိုက်မရောထောင်၌ နိုင်ငံရေးအကျဉ်းသားများ အစာငတ်ခံဆန္ဒပြုပု မဟုတ်မမှန် သတင်းများရေးသား ဝါဒဖြန့်ချိုလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

မွန်ပြည်နယ် ကျိုက်မရောဇဟိ အကျဉ်းထောင်၌ တရားမဝင် ဖုန်းရှာဖွေဖမ်းဆီးရမိသည့် ကိစ္စ နှင့်ပတ်သက်ပြီး စစ်ဆေးမေးမြန်း ရန် ခေါ်သွားသည့် နိုင်ငံရေး အကျဉ်းသားနှစ်ဦးကို တိုက်ပိတ် အရေးယူခဲ့သည့်အတွက် နိုင်ငံရေး အကျဉ်းသားများ၏ ကျန်းမာရေး ဆိုင်ရာ အခွင့်အရေးတောင်းဆို ချက်အနေဖြင့် အချက်သုံးချက်ကို လိုက်လျောပေးရန် အစာငတ်ခံ ဆန္ဒပြုနေကြသည်ဟု တရားမဝင် ပြည်ဗျက်မီဒီယာများ ဖြစ်သည့် DVB နှင့် Mizzima တို့က မဟုတ် မမှန် ရေးသားဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အကျဉ်းထောင်တွင် ဧနီနဝါရီ ၂၈ ရက်က အထူးရှာဖွေရေး ပြုလုပ်ခဲ့ကြောင်း ဘုရားစင်ထောင့် အတွင်းမှ ဖုန်းနှစ်လုံးရှာဖွေတွေ့ ရှိကြောင်း၊ ပိုင်ရှင်ဝန်ခံခြင်း မရှိ၍ စစ်ဆေးမေးမြန်းမှုများ ပြုလုပ် ခဲ့ကြောင်း၊ အကျဉ်းသားများက လိမ်လည်ဖုံးဖိထွက်ဆိုကြကြောင်း၊ ဖုန်းများကို နည်းပညာဖြင့် စစ်ဆေးရာ ပိုင်ရှင်ကိုသိရှိရကြောင်း၊ သိရှိရချိန်တွင် ပိုင်ရှင်နှစ်ဦးကို ခေါ်ယူစစ်မေးခြင်း ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ စစ်ဆေးခဲ့ပြီး သီးခြားခွဲထားကြောင်း၊ တိုက်ပိတ် ထားခြင်းမဟုတ်ကြောင်း လျှပ်စစ် မီးမှာ ခေတ္တပြတ်တောက်ခြင်းသာ ဖြစ်ပြီး မီးပိတ်၍ ဖမ်းဆီးခြင်း မဟုတ်ကြောင်း၊ ထောင်တွင်း အစာငတ်ခံဆန္ဒပြခြင်း လုံးဝမရှိ ကြောင်း၊ အကျဉ်းသားများက တင်ပြမှုများရှိပြီး စိစစ်ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ အကျဉ်း ထောင် အုပ်ချုပ်သူများသည် သဘောထား တင်မာခြင်း မဟုတ်ဘဲ တာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ ထမ်းဆောင်ခြင်းသာဖြစ်ကြောင်း နှင့် အကျဉ်းထောင်အုပ်ချုပ်ရေး စစ်ဖက် အထင်မှားစေရန်၊ တည်ငြိမ်ခံနေမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လုပ်ကြံမန်တီးရေးသား ထားသော ဝါဒဖြန့်သတင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောက်ဖုံးမှ*

ချုပ်ဆိုခဲ့သော်လည်း စာရွက် စာတမ်းမစုံလင်မှုကြောင့် ကစား ခွင့်မရသော ထိုင်းကလပ်တွင်သာ ပြန်လည်ကစားခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၁၈ ရာသီ ကတည်းက ပြည်ပကလပ်များ တွင် သွားရောက်ကစားနေခြင်း ဖြစ်ပြီး ပြည်တွင်းကလပ်များသို့ တစ်ကျော့ပြန် ခြေချလာခြင်း ဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ခြောက်နှစ်တာ ကာလအတွင်း ထိုင်းကလပ်များ ဖြစ်သည့် ချင်းရိုင်ယူနိုက်တက် အသင်း၊ ဆာမတ်ပရာခန်စီးတီး အသင်း၊ ဆူဝိထိုင်းအသင်း၊ ချင်းမိုင်ယူနိုက် တက်အသင်း၊ ဖရေးယွန်နိုက်တက် အသင်း (နှစ်ကြိမ်ကစား)၊ ရရောင်း အသင်းတို့တွင် ကစားခဲ့သည်။ ကျော်ကိုကိုသည် ပထမဆုံးပြည်ပ ထွက်ကစားသည့် ချင်းရိုင်ယူနိုက် တက်အသင်းတွင် ဒူးဒဏ်ရာ ပြင်းထန်စွာရခဲ့ပြီး ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီးနောက်ပိုင်း ပုံမှန်ခြေခွစ်ပ ရရန် ရုန်းကန်နေရသည်။

ရခိုင်ယူနိုက်တက် အသင်း သည် ကျော်ဂိုကိုအပြင် လက်ရွေး စင်နောက်ခံလူ သီဟထက်အောင် ကို မတ်လမှ ဇွန်လအထိကျင်းပ မည့် MNL Cup ပြိုင်ပွဲအတွက် စာချုပ် ချုပ်ဆိုခဲ့သည်။ ရခိုင်ယူ နိုက်တက်အသင်းသည် ပြည် တွင်းပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–RUFC

မြန်မာ့အလင်း

စာတည်းမှူးချုပ်	–	အောင်နိုင်ဦး
ဒေတာစာတည်းမှူး	–	မြင့်စိုး
သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းများ	–	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်	–	မြူးစန်ဒေး၊ တင်လင်းအောင်
စာတည်း		
အကြီးတန်း	–	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ		ဟိန်းထက်ဧာ၊ နေဝင်းထွန်း(၂)
အငယ်တန်း	–	ဇော်ဝိုင်းအောင်၊ ဝေသူနယ်၊ ခင်ဖြူလွေး
သတင်းထောက်များ		
ဓာတ်ပုံ	–	တင်စိုး
သတင်းထောက်		
သုတေသန	–	အိအိခင်နှင့် အမ္ပေ,
စာပြင်	–	အေးအေးမိုးလှိုင်နှင့် အမ့ဲ,
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	သန်းထွန်းအောင်နှင့် အမ့ဲ,
